# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | မင်းဘူး(စကု)မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အမှန်ကွင်းဆင်း ကောက်ယူထားသည့် သီးနှံထိခိုက်မှု ပျက်စီးစာရင်းများအတိုင်း မည်သည့်အချိန်တွင် မည်သည့် နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့မှုများ ပေးသွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | တောင်ကုတ်မြို့နယ်၊ ခူး(သက္ကပြင်)ကျေးရွာအုပ်စု၊ အဘောကျေးရွာတွင် TMP ကုမ္ပဏီမှ တောင်ကုန်း များနှင့် ဒီရေတောများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် လျှောက်ထားလုပ်ကိုင်သည့် ပုစွန် မွေးမြူရေး စီမံကိန်းကို ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခဲ့ခြင်းရှိ/မရှိနှင့် EIA၊ SIA တိုင်းတာတွက်ချက်ခဲ့မှုရှိ/မရှိ၊ မရှိလျှင် မည်သို့အရေးယူမည်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | စေတုတ္တရာမြို့နယ်ရှိ မုန်းတမံတွင် နှစ်စဉ်အနယ် အနှစ်များပို့ချမှုကြောင့် တဖြည်းဖြည်းကောလာကာ ရေဝပ်ဧရိယာနည်းပါးလာပါသဖြင့် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊ | ၁၅ |
| ၈ | ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသား နိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူမြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့စီမံထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၉ | မင်းတုန်းမြို့နယ်အတွင်းရှိ တိမ်ကောနေသော မင်းတုန်းချောင်း တစ်လျှောက် ရေလမ်းကြောင်း ဖြောင့်ဖြူးရေးအတွက် တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၀ | စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါး | ၃၁ |

ပြုကျင့်မှုများအား အကာအကွယ်ပေးရန် ၂၀၁၉ မိုးရာသီမတိုင်မီ ကမ်းထိန်းတန်း နှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူများအတွက် လုံခြုံရေးမည်သို့ဆောင်ရွက် ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၄

၁၂ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့် ရာသီဥတုဖောက်ပြန် သောဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ခြင်း ၄၁

၁၃ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၄၇

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂-၂-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု) မြို့နယ်အတွင်း သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အမှန်ကွင်းဆင်းကောက်ယူ ထားသည့် သီးနှံထိခိုက်မှု ပျက်စီးစာရင်းများအတိုင်း မည်သည့်အချိန်တွင် မည်သည့်နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့မှုများ ပေးသွားမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ ရူး (သက္ကပြင်)ကျေးရွာအုပ်စု၊ အဘေကျေးရွာတွင် TMP ကုမ္ပဏီမှ တောင်ကုန်းများနှင့် ဒီရေတောများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အဖြစ် လျှောက်ထားလုပ်ကိုင်သည့် ပုစွန်မွေးမြူရေးစီမံကိန်းကို ဥပဒေ**

**လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခဲ့ခြင်း ရှိ၊ မရှိနှင့် EIA, SIA တိုင်းတာတွက်ချက်ခဲ့မှု ရှိ၊ မရှိ၊ မရှိလျှင် မည်သို့အရေးယူမည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံတွင် နှစ်စဉ်အနည်အနှစ်များ ပို့ချမှုကြောင့် တဖြည်းဖြည်း ကောလာကာ ရေဝပ်ဧရိယာ နည်းပါးလာပါသဖြင့် မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်နီနီဒွန်း၊ ပေါက်ခေါင်း မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်း ရေလှောင်တမံကြီး၏ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင် မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်မှုကို မိုးရာသီကာလ မတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူ၊ မြို့နယ်သားများ လုံခြုံမှု ရှိစေရန် မည်ကဲ့သို့စီမံထားသည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်အတွင်းရှိ တိမ်ကောနေသော မင်းတုန်းချောင်းတစ်လျှောက် ရေလမ်းကြောင်း ဖြောင့်ဖြူးရေးအတွက် တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာ နှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးရန် ၂၀၁၉ မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူများအတွက် လုံခြုံရေး မည်သို့ဆောင်ရွက် ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က တင်သွင်းသည့် **“ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဗိုလ်မှူးစံဝင်းခိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ခ) ဗိုလ်မှူးမင်းမင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၆၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၈၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၂) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊

(၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၄) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၆) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၇) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၈) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၁ ရက်၊

(၉) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် ၁ ရက်၊

(၁၀) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၁၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၁၂) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၁၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၅) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၁၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၈) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၁၉) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင် ခွင့် ၁ ရက်၊

(၂၀) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၂၁) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊

(၂၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၂၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၂၄) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၂၅) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊

(၂၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၇) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၁ ရက်၊

(၂၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၁ ရက်၊

(၂၉) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၃၀) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၃၁) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၃၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၃၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၃၄) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊

(၃၅) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်နှင့်

(၃၆) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၇၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မင်းဘူး(စကု)မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အမှန်ကွင်းဆင်း ကောက်ယူထားသည့် သီးနှံထိခိုက်မှု ပျက်စီးစာရင်းများအတိုင်း မည်သည့်အချိန်တွင် မည်သည့် နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့မှုများ ပေးသွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံ ပျက်စီးစာရင်းများကောက်ယူထားတဲ့အတိုင်းပံ့ပိုးထောက်ပံ့မှုများပေးနိုင်ပါရန် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံတောင်းဆိုအပ် ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက တိုင်းဒေသကြီးဦးစီးမှူးက နေပြီးတော့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားတဲ့ သီးနှံစာရင်းတွေကို တောင်သူတွေ တစ်ဦးချင်းစာရင်းတွေကိုရရှိနိုင်ဖို့အတွက် ကွင်းဆင်းစစ်ဆေးစာရင်းပြုစုရန် ညွှန်ကြားထားတဲ့ ညွှန်ကြားချက်ပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်ထောင်စု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံ ပျက်စီးစာရင်းတွေကို တစ်ဦးချင်းစာရင်းရရှိဖို့အတွက် ညွှန်ကြားထားတဲ့ ညွှန်ကြားချက်ပဲ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့က ထွက်လာတာဖြစ်ပါတယ်။ ဒီစာထွက်ပြီးတော့ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဌာနပေါင်းစုံနဲ့ မြေစာရင်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ပူးပေါင်းပြီးတော့ ညွှန်ကြားချက်မှာပါတဲ့အတိုင်း ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေကို ကျွန်တော်တို့က ညွှန်ကြားချက်နဲ့အညီ ဖွဲ့စည်းပြီးတော့ စာရင်း

ကောက်ခဲ့ပါတယ်။ ဒီညွှန်ကြားချက်အရပဲ ကျွန်တော်တို့က တင်ပြရရှိလာတဲ့ တောင်သူတစ်ဦးချင်း ထိခိုက်မှုပျက်စီးစာရင်းတွေကို ကျွန်တော်တို့က အဆင့်ဆင့်တင်ပြပြီးတော့ ညွှန်ကြားချက် အပိုဒ် ၂ အပိုဒ်ခွဲငယ်(င)အရဆိုလို့ရှိရင် ပံ့ပိုးထောက်ပံ့မှုတွေကို တစ်ဦးချင်းစီ ကျွန်တော်တို့က ပေးမှာ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်ကနေပြီးတော့ ညွှန်ကြားချက်နဲ့အညီ ကျွန်တော်တို့ သီးနှံပျက်စီးမှုစာရင်းဇယားတွေကို ကောက်ခံထားတဲ့အတိုင်း၊ တင်ပြထားတဲ့အတိုင်း ကျွန်တော်တို့က ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဒီစာရင်းဇယားတွေကိုလည်း ကျွန်တော်တို့က မေးခွန်းစပြီးတော့ တင်ကတည်းကအတိုင်း ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဇွန်လကနေပြီး ဇူလိုင်လ ၄ ရက်နေ့အထိ ပျက်စီးမှုစာရင်းဇယားတွေကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နဲ့အညီ အဖွဲ့ဖွဲ့ပြီးတော့ ကောက်ခံရရှိထားတဲ့ ပျက်စီးမှုစာရင်းဇယားတွေပဲ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ မြို့နယ်ကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအားလုံး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရော၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရော၊ ဌာနဆိုင်ရာတွေရော အားလုံးလက်မှတ်ထိုးပြီးတော့ တင်ပြထားတဲ့စာရင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်အတွင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားတဲ့၊ အမှန်ကွင်းဆင်းကောက်ယူထားတဲ့ သီးနှံထိခိုက်ပျက်စီးမှုစာရင်းဇယားကို တင်ပြထားတဲ့အတိုင်း မည်သည့်အချိန်တွင် မည်သည့်နှုန်းထားဖြင့် ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်း လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီမှာ မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက်ကြောင့် နှမ်း၊ မြေပဲ၊

ပဲမျိုးစုံသီးနှံတွေအတွက် တစ်ဧကကျပ်ငါးထောင်နှုန်း၊ မိုးစပါးအပါအဝင် အစေ့ထုတ်ပြောင်း၊ ချည်မျှင် ရှည်ဝါ၊ ဟင်းသီးဟင်းရွက် စတဲ့သီးနှံများအပါအဝင် သီးနှံတွေအတွက် တစ်ဧက ကျပ်တစ်သောင်းနှုန်း၊ နွေနှမ်းမှာ ကျပ်တစ်သောင်းငါးထောင်နှုန်း၊ မိုးမြေပဲ ကျပ်သုံးသောင်းနှုန်း၊ နွေစပါးအတွက် ကျပ် နှစ်သိန်းငါးသောင်း နှုန်းနဲ့ သီးနှံအလိုက် ထိခိုက်ပျက်စီးဧရိယာ ၅၈၉၂၂ ဧကအတွက် ထောက်ပံ့ကြေး ငွေကျပ် ၁.၂ ဘီလီယံကို ၂၀၁၈ ခုနှစ် Mini Budget စက်တင်ဘာလအတွင်းမှာ ထောက်ပံ့ပေး အပ်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာ ဒေသအတွင်း ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မိုးသည်း ထန်စွာရွာသွန်းတဲ့အတွက်ကြောင့်မို့လို့ မင်းဘူး(စကု)မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ အထိ သီးနှံပျက်စီးဧရိယာတွေဟာ နွေနှမ်း ၁၈၅၃၀ ဧက၊ နွေစပါး ၁၇၇.၅၉ ဧက၊ မိုးနှမ်း ၂၃၇၃၄ ဧက၊ ပဲတီစိမ်း ၈၈၅ ဧက၊ မြေပဲ ငါးဧက၊ ဟင်းသီးဟင်းရွက် ၈၆ ဧက၊ မိုးစပါးပျိုးခင်း ၁၄ ဧကနဲ့ မိုးစပါး စိုက်ခင်း ၅၃၃ ဧက၊ အစေ့ထုတ်ပြောင်း နှစ်ဧက သီးနှံစုစုပေါင်း ၄၃၉၆၉.၈၇ ဧက ပျက်စီးခဲ့တယ်လို့ ဖော်ပြပါရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးစိစစ်ချက်အရ မင်းဘူး(စကု)မြို့နယ်ရဲ့ သီးနှံ ပျက်စီးဧရိယာဟာ ၁၉၇၀၀ ဧကလို့ တင်ပြထားမှုရှိပါတယ်။ ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သီးနှံပျက်စီးဧက ကွာဟနေမှုအပေါ် ပြန်လည်ဆက်စပ်စိစစ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရ အဖွဲ့ အတည်ပြုဆုံးဖြတ်ထားတဲ့ သီးနှံစိုက်ပျိုးဧက ၁၉၇၀၃ ဧကအတွက် သီးနှံပြန်လည်အစားထိုး စိုက်ပျိုးနိုင်ဖို့ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့နိုင်ရေးအတွက် စီးပွားရေးရာကော်မတီကတစ်ဆင့် တင်ပြတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)အရ ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အရေးပေါ်ရန်ပုံငွေ မှ ပြောင်းလဲသုံးစွဲခြင်းကိုစ စိစစ်သဘောတူခွင့်ပြုပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် မိုးများ၍ ရေကြီးနစ်မြုပ်ပျက်စီးသွားတဲ့ သီးနှံ ၁၉၇၀၃ ဧကအတွက် မိုးနှမ်း၊ ပဲတီစိမ်း၊ ဆောင်းမြေပဲ တစ်ဧက ငါးထောင်ကျပ်နှုန်း၊ မိုးစပါး စိုက်ခင်း၊ ဟင်းသီးဟင်းရွက်၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းသီးနှံများအတွက် တစ်ဧကတစ်သောင်း ကျပ်နှုန်း၊ နွေနှမ်းတစ်ဧက ငါးသောင်းကျပ်နှုန်း၊ မိုးမြေပဲတစ်ဧက သုံးသောင်းကျပ်နှုန်း၊ မိုးစပါးပျိုးခင်း တစ်ဧက တစ်သိန်းကျပ်နှုန်းနဲ့ နွေစပါးတစ်ဧက နှစ်သိန်းငါးသောင်းကျပ်နှုန်းနဲ့ သီးနှံပျက်စီးတဲ့

တောင်သူတွေကို ဆောလျင်စွာထောက်ပံ့ပေးဖို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ စောစောက ဒုတိယဝန်ကြီးဖြေသွားတဲ့အတိုင်း ဆိုလို့ရှိရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၇၀၃ ဧကပဲ သီးနှံပံ့ပိုးမှု ရမယ်လို့ ဖြေသွားတာ ကျွန်တော်ကြားပါတယ်။ ကျွန်တော်တို့ အမှန်တကယ် ကောက်ယူရရှိပြီးတော့ ဇွန်လ ၂၈ ရက်နေ့က ညွှန်ကြားချက်အတိုင်း အဖွဲ့ဖွဲ့ပြီး ကွင်းဆင်းပြီးတော့ အဖွဲ့ရဲ့ တင်ပြချက်အရ ကျွန်တော်တို့တင်ပြထားတာက ၄၃၉၆၉.၈၇ ဧကဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့တင်ပြချက် အတိုင်း ထောက်ပံ့မှုမပေးနိုင်ဘူးဆိုလို့ရှိရင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆုံးဖြတ်ထားတဲ့အတိုင်း ၁၉၇၀၃ ဧကပဲပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မဲဆန္ဒနယ်တောင်သူတွေကို ပြန်ပြီးတော့ ထောက်ပံ့မှု ပေးတဲ့အခါမှာ စာရင်းဇယားတွေက ကွာဟသွားနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ရပ်/ကျေး ကစာရင်းကောက်တဲ့အဖွဲ့ကိုလည်း ကျွန်တော်တို့ မေးပါတယ်။ အကယ်၍ ဒီ ၁၉၇၀၃ ဧကပဲပေးမယ် ဆိုလို့ရှိရင် ပြန်ဝေဖို့ အဆင်ပြေမှုရှိ/မရှိ၊ တကယ်တော့ အဲဒီစာရင်းတွေက ငယ်စာရင်းကို ကျွန်တော်တို့ ပြန်ပြီးတော့ တိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ ရပ်/ကျေးကတင်ပြတာတွေနဲ့ ကွာနေပါတယ်။ တချို့ရွာတွေ ဆိုလို့ရှိရင် ပျက်စီးမှုစာရင်းမတင်ဘဲနဲ့ မြေစာရင်းကနေပြီးတော့ မှန်းပြီးတော့တင်ထားတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါတွေဟာ ၁၉၇၀၃ ဧကဆိုလို့ရှိရင် အဲဒီ ငယ်စာရင်းအတိုင်း ကျွန်တော်တို့ပေးမယ်ဆိုလို့ရှိရင် မဲဆန္ဒနယ်ကပြည်သူတွေမှာလည်း အခက်အခဲ ဖြစ်နိုင်တယ်။ ကျွန်တော်တို့ ဦးဆောင်ပြီးတော့ စာရင်းကောက်တဲ့အပေါ်မှာလည်း ယုံကြည်မှုနည်းတာ တွေ၊ အထင်အမြင်လွဲတာတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကွာဟနေတဲ့စာရင်းတွေကို ပြန်လည် တိုက်ဆိုင်စစ်ဆေးပြီးတော့ အမှန်တကယ်ပျက်စီးတဲ့အတိုင်း ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြစ်စဉ်အခြေအနေလေးအပေါ်မှာ

တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံဆောင်ရွက်ခဲ့တဲ့ အခြေအနေအပေါ် တင်ပြပါမယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ယခုလို သဘာဝဘေးကြောင့် သီးနှံထိခိုက်ပျက်စီးမှုအပေါ်မှာ တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ ဆောင်ရွက်ပြုစုတဲ့စာရင်းတွေအပေါ်မှာ မိမိတို့ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ယခု ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံတွေ ရေကြီးနစ်မြုပ်တဲ့အခါမှာ ရေပြန်ပေါ်ပြီးတဲ့နောက်မှာ ထိခိုက်တဲ့ဧရိယာ၊ ပျက်စီးတဲ့ဧရိယာတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ အောက်ခြေကွင်းဆင်းအဖွဲ့တွေက ကွင်းဆင်းစစ်ဆေးပါတယ်။ ရေကြီးနစ်မြုပ်သော်လည်းပဲ နှစ်စဉ်ပုံမှန် တစ်ဧကအထွက်နှုန်းကိုမမီဘဲ လေးပုံတစ်ပုံအထိ အထွက်ရရှိနိုင်မှုဆိုရင် ဒါဟာထိခိုက်တယ်ဆိုတဲ့ စာရင်းအဖြစ် မှတ်သားပါတယ်။ သီးနှံအားလုံးပျက်စီးပြီး မရိတ်သိမ်းနိုင်တဲ့၊ လုံးဝပျက်စီးမှသာ ပျက်စီးဧရိယာလို့ စာရင်းမှတ်သားပါတယ်။ ရာသီအတွင်းပျက်စီးသွားတဲ့သီးနှံတွေ ပြန်လည်စိုက်ပျိုးနိုင်ဖို့ ပြန်လည်စိုက်ပျိုးတဲ့ဧရိယာကို ကွင်းဆင်းပြီး စာရင်းမှတ်တမ်းတင်ပါတယ်။ အဲဒီလိုဆောင်ရွက်မှသာ ထိခိုက်ဧရိယာ၊ ပျက်စီးဧရိယာတွေဟာ ကွဲကွဲပြားပြားသိရှိပြီးတော့ ကိန်းဂဏန်း ဖောင်းပွမှုမဖြစ်ပေါ်စေဖို့ ဂရုပြုပြီးစာရင်းပြုစုရတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီလို ပြုစုရရှိတဲ့ ကိန်းဂဏန်းတွေကို နောက်ဆုံးသက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အပြန်ပြန်အလှန်လှန် စိစစ်ပြီးတော့မှ ပံ့ပိုးပေးနိုင်မယ့် အထောက်အပံ့အပိုင်းကို ပြည်ထောင်စုကို ဆက်လက်တင်ပြဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီလိုလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ကနဦးစာရင်းဖြစ်တဲ့ ၄၃၉၆၉.၈ ဧကအပေါ်မှာ စိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးမှအတည်ပြုခဲ့တဲ့ ၁၉၇၀၃ ဧကကို မိမိတို့ဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့လုပ်ထုံးလုပ်နည်းနှင့်အညီ ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီစာရင်းဟာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်အတည်ပြုထားတဲ့ ကိန်းဂဏန်းဖြစ်တဲ့အတွက် ဒီအပေါ်မှာ အခြေပြုဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ကုတ်မြို့နယ်၊ ခူး(သက္ကပြင်)ကျေးရွာအုပ်စု၊ အဘေကျေးရွာတွင် TMP ကုမ္ပဏီမှ တောင်ကုန်းများနှင့် ဒီရေတောများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် လျှောက်ထားလုပ်ကိုင်သည့် ပုစွန်မွေးမြူရေးစီမံကိန်းကို ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခဲ့ခြင်းရှိ/မရှိနှင့် EIA၊ SIA တိုင်းတာတွက်ချက်ခဲ့မှုရှိ/မရှိ၊ မရှိလျှင် မည်သို့အရေးယူမည်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်ရှင်။ ဒီနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ခူး(သက္ကပြင်)ကျေးရွာအုပ်စု၊ အဘေ ကျေးရွာတွင် TMP ကုမ္ပဏီမှ တောင်ကုန်းများနှင့် ဒီရေတောများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အဖြစ် လျှောက်ထားလုပ်ကိုင်သည့် ပုစွန်မွေးမြူရေးစီမံကိန်းကို ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခဲ့ခြင်းရှိ/မရှိနှင့် EIA၊ SIA တိုင်းတာတွက်ချက်ခဲ့မှုရှိ/မရှိ၊ မရှိလျှင် မည်ကဲ့သို့အရေးယူ မည်နည်းဆိုသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တကယ်တော့ ဒီမေးခွန်းကို မေးခဲ့တာ အခုဆိုရင် ငါးလရှိခဲ့ပါပြီ။ ပြီးခဲ့တဲ့ လွှတ်တော်နားချိန် မဲဆန္ဒနယ်ကိုဆင်းတဲ့အခါမှာ ကျွန်မမေးမြန်းထားတဲ့အချက်တွေထဲက တချို့အချက် တွေကို အောက်ခြေမှာ ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်နေပါတယ်။ ဒါပေမဲ့ တချို့အချက်တွေကတော့ လိုအပ်နေဆဲပဲဖြစ်ပါတယ်။ ကျွန်မ ဒီမေးခွန်းကို လွှတ်တော်မှာ မေးမြန်းရတဲ့ အဓိကအချက်တွေက တော့ ယခုစီမံကိန်းပြုလုပ်ထားတဲ့ ကျေးရွာအပါအဝင် အနီးအနားကျေးရွာများမှ ပြည်သူများရဲ့ လက်မှတ်ထိုးတိုင်ကြားချက်များအပေါ် မေးမြန်းခဲ့သည်ကတစ်ကြောင်းနှင့် ကျွန်မကိုယ်တိုင် ကွင်းဆင်း လေ့လာခဲ့တဲ့ အခြေအနေတွေ့ရှိချက်များအပေါ် အခြေခံကာ မေးမြန်းရခြင်းပဲဖြစ်ပါတယ်ရှင်။ ဒသမ ပုံမှန်လွှတ်တော်နားလို့ မဲဆန္ဒနယ်ကိုပြန်တဲ့အခါ TMP ကုမ္ပဏီမှ ဂဏန်းပျော့မွေးမြူရေးအတွက် စီမံကိန်းအနီးနားကျေးရွာများမှ ရွာသူရွာသား အယောက် ၁၀၀ ကျော်ကို အလုပ်ခန့်ထားတာ တွေ့ရှိရ ပါတယ်။ ဒါပေမဲ့ ယခုအချိန်အထိ ထိုစီမံကိန်းမှာ ဥပဒေနှင့်အညီပြုလုပ်ရန် လိုအပ်ချက်တွေများစွာရှိ နေပါတယ်။ ဒါကတော့ တောင်ကုတ်မြို့နယ်၊ ခူး(သက္ကပြင်)ကျေးရွာအုပ်စု၊ အဘေကျေးရွာတွင် TMP ကုမ္ပဏီမှ ၁၇-၁၂-၂၀၁၆ ရက်နေ့တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ၃၄၆.၄၁ ဧက လျှောက်ထားခဲ့ ကြောင်းကို ၈-၅-၂၀၁၈ ရက်နေ့ကျတဲ့အခါမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ၁၀ အိမ်မှူးများကို အစည်းအဝေးခေါ်ယူကာ အသိပေးသဖြင့် သိခဲ့ရပြီး ကန့်ကွက်လွှာအား ၁၆-၅-၂၀၁၇ ရက်နေ့တွင် ပေးပို့ခဲ့ကြောင်းကို သိရှိခဲ့ပါတယ်။

ဒါ့အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းမလျှောက်ထားမီ ချောက်ခန့်ကတည်းက သဘာဝဒီရေတော များကို တာတမံပိတ်ခြင်း၊ တာတမံအတွင်း ဒီရေရောက်သစ်တောများအား ခုတ်လှဲ၍ စုပုံမီးရှို့ခြင်း၊

ကန်အတွင်းပိုးသတ်ဆေးများသုံး၍ သန့်ရှင်းရေးပြုလုပ်ခဲ့ပြီး ဒီရေအတက်အကျဖြင့် ရေအသွင်း အထုတ်ပြုလုပ်ရာတွင် ဓာတုပိုးသတ်ဆေးများမှာ ဒီရေများနှင့်အတူ ဘေးပတ်ဝန်းကျင်များသို့ ပျံ့နှံ့သွားခဲ့ပါတယ်။ ထိုသို့ ပျံ့နှံ့ခဲ့ခြင်းကြောင့် အနီးအနားချောင်းများမှ ရေနေသတ္တဝါများ သေကျေ ပျက်စီးခဲ့ရပါတယ်။ ဒါ့အပြင် ဒီရေတောများအား အပင်များခုတ်လှဲစုပုံခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ထား တာလည်းတွေ့ခဲ့ရပါတယ်။ လွှတ်တော်နားစဉ်ကာလက ကျွန်မကိုယ်တိုင်ကျေးရွာများကို ကွင်းဆင်းတဲ့ အခါမှာ အဲဒီနေရာနားက စက်လှေဖြင့်ဖြတ်သန်းသွားလာခဲ့တဲ့အတွက် ဒီရေတောများရဲ့အခြေအနေကို မြင်တွေ့ခဲ့ရပါတယ်။ သက်ဆိုင်ရာဌာနများသို့ ဒီကိစ္စကိုမေးကြည့်တဲ့အခါမှာလည်း မသိဘူးလို့ ပြန်ဖြေ ပါတယ်။ ဒီရေတောများရဲ့အခြေအနေကို Power Point ဖြင့်တင်ပြခွင့်ပြုပါရှင်။

ဒါကတော့ ကျွန်မတို့ စက်လှေနဲ့သွားတဲ့အခါမှာ ကျွန်မကိုယ်တိုင်ရိုက်ကူးထားတဲ့ပုံပါ။ ဒီရေတောတွေ ပျောက်သွားတဲ့ပုံပါ။ ဒါကလည်း ကျွန်မတို့ ဒီရေတောတွေကို ခုတ်ထွင်ရှင်းလင်းပြီး လုပ်ထားတာပါ။ အခုဆိုလို့ရှိရင် ဧက ၁၀၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဒါဟာလည်း ကျွန်မတို့ ဒီရေတောတွေပျောက်သွားတဲ့ပုံပါ။ ဒါဟာလည်း ဒီရေတောတွေကို ရှင်းလင်းထားတဲ့ပုံပါ။ ဒါအကုန် ဒီရေတောတွေပါ။ ဒီရေတောတွေကို ခုတ်ထွင်ရှင်းလင်းထားတာပါ။ ဒါဟာလည်းအတူတူပါပဲ ဒီရေတောတွေကို ရှင်းလင်းပြီးတော့ ဒါရှေ့နားမှာဆိုလို့ရှိရင် ချောင်းငယ်လေး တွေကို ပိတ်ထားတဲ့ပုံပါ။ ဒါကတော့ ကျွန်မဆီကို စပြီးတော့ သက်ဆိုင်ရာ ကျွန်မရဲ့မဲဆန္ဒနယ်ကနေပြီး တော့၊ ပြည်သူလူထုတွေကနေပြီးတော့ တိုင်ကြားလာတဲ့ပုံပါ။ ဒါတွေကတော့ လက်မှတ်ထိုးပြီးတော့ ကန့်ကွက်ထားတဲ့စာတွေပါ။ ပိတ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် ရခိုင်ပြည်နယ် အတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နေခြင်းကို ကြိုဆိုပါတယ်။ မကန့်ကွက်ပါဘူး။ ဥပဒေ နှင့်အညီ လုပ်ကိုင်ဖို့အတွက်သာ ပြောဆိုနေရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ထိုစီမံကိန်းမှာ လယ်ယာမြေ နည်းဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၃၀ အရ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့မှ ဒေသခံများရဲ့ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင်စိုက်ပျိုးမြေများ ထိခိုက်မှုအပေါ် မည်သူမဆို ကန့်ကွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာ ခြင်း၊ ပွင့်လင်းမြင်သာစွာ အသိပေးပြောဆိုခဲ့ခြင်းရှိ/မရှိ သိလိုပါတယ်။ ဒါအပြင် လယ်ယာမြေနှင့် အခြားမြေများအား အခြားနည်းသုံးစွဲခွင့်၊ လုပ်ပိုင်ခွင့်၊ စိစစ်ခြင်းဆိုင်ရာ ပုံစံ(၁၄) နှင့် နည်းဥပဒေ ၈၄၊ ၈၆ အရ ဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း သိလိုပါတယ်။ အရေးကြီးတဲ့အချက်အနေနဲ့ ဒီရေတောတွေ

ရှင်းလင်းသွားတဲ့နေရာမှာ ဘယ်လိုပြန်လုပ်ပေးနိုင်မလဲဆိုတာကိုလည်း သိချင်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ချောင်းငယ်၊ မြောင်းငယ်များကို စီးဝင်နေတဲ့ မြစ်လက်တက် ၁၀ ခုကျော်ကို ပိတ်ဆို့ထားခြင်းမှာလည်း ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနှင့်သာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းချက်ဥပဒေများနှင့်ညီ/မညီ၊ EIA၊ SIA တိုင်းတာတွက်ချက်ခဲ့မှုများရှိ/မရှိကိုလည်း သုံးသပ်ရန်အထူးလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေနှင့်အညီဖြစ်စေဖို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အထက်ပါမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြေနေရာပါ တောင်ကုတ်မြို့နယ်အတွင်း ကုမ္ပဏီနှင့် မြေလွတ်၊ မြေလပ်ဧရိယာဧက ၃၄၆.၄၁ ဧကကို သံတွဲမြို့ TMP ကုမ္ပဏီကနေပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်ထားခဲ့မှုရှိပါတယ်။ ဗဟိုကော်မတီအနေနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြည်နယ်လုပ်ငန်းအဖွဲ့ကို လွှဲပြောင်းစစ်ဆေးစေခဲ့ပါတယ်။ ပြည်နယ်လုပ်ငန်းအဖွဲ့ကလည်းပဲ ပြဋ္ဌာန်းထားတဲ့နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်မှုလုပ်ခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး လုပ်ငန်းစဉ်အရ တောင်ကုတ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနအနေနဲ့ လုပ်ငန်းစာတွဲ၊ အမှုတွဲဖွင့်ရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ကန့်ကွက်မှုရှိ/မရှိ ထုတ်ဆင့်ကြေညာခဲ့ပါတယ်။ ကန့်ကွက်မှုမရှိတဲ့အတွက် လုပ်ငန်းစာတွဲကို ခရိုင်အဆင့်ကနေ၊ ပြည်နယ်အဆင့်သို့ ၂၀၁၇ ရက်နေ့၊ ဧပြီလ ၄ ရက်နေ့ နေ့စွဲနဲ့ တင်ပြခဲ့ပါတယ်။ အဲဒီတင်ပြချက်နှင့်အညီ ပြည်နယ်ဦးစီးဌာနမှ လုပ်ငန်းစာတွဲကို စိစစ်ခဲ့မှုရှိပါတယ်။ လုပ်ငန်းစဉ်အရတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရဲ့ သဘောထားတွေကို တောင်းခံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး အဖွဲ့ရဲ့ အစည်းအဝေး(၂/၂၀၁၇)မှာ အဆိုပါအမှုတွဲနှင့်ပတ်သက်ပြီး ကွင်းဆင်းစိစစ်တင်ပြဖို့ ဆုံးဖြတ်ခဲ့ပြီး တဲ့နောက်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးခေါင်းဆောင်တဲ့ အဖွဲ့ဝင် လေးဦးပါတဲ့ ကွင်းဆင်းစိစစ်ရေးအဖွဲ့ ကို တာဝန်ပေးခဲ့ပါတယ်။ အဆိုပါအဖွဲ့အနေနဲ့ ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ ကုမ္ပဏီမှဆောင်ရွက်ခဲ့တဲ့ ပုဇွန်မွေးမြူရေးလုပ်ငန်းမှာ ချောင်းမြောင်းများ ပိတ်ဆို့ဆောင်ရွက်ထားခြင်းမရှိပါကြောင်းနဲ့ လက်ရှိ ပုဇွန်ကန် ၁၂ ကန် တူးဖော်ထားရာမှာ အဲဒီကန်တွေအတွက် အောက်ခံမြေသားအခြောက်ခံခြင်း၊ မြေသားလဲလှယ်ခြင်းများ ဆောင်ရွက်ခြင်းနှင့် လဲလှယ်ပြီး မြေသားတွေအပေါ် ထုံးဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း စိစစ်တင်ပြထားမှုအရ သိရပါတယ်။ ရေနေသတ္တဝါတွေ သေဆုံးစေနိုင်တဲ့ ဓာတုဆေးဝါးသုံးစွဲခြင်းမရှိပါကြောင်းနဲ့ ပုစွန်မွေးမြူရေးကန် ဆောင်ရွက်စဉ်က မြေပြုပြင်ဆောင်ရွက် ခဲ့ရာမှာ ပါဝင်ခဲ့တဲ့ ဒီရေတောများရှိခဲ့တဲ့အတွက် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ဖို့ တစ်နှစ်ကို ဒီရေ ရောက်အပင် ၂၀၀၀ ကနေ ၅၀၀၀ ထိ နှစ်စဉ်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ဆုံစိစစ်တဲ့ အခါမှာ ကုမ္ပဏီရဲ့ထွက်ဆိုချက်အရ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကွင်းဆင်းစိစစ်ရေးအဖွဲ့ကနေပြီးတော့ ပြန်လည်တင်ပြခဲ့မှုကို သိရှိရပါတယ်။ တင်ပြချက် အပေါ် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၈ ခုနှစ်နေ့၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပြုလုပ်တဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၈)အရ TMP ကုမ္ပဏီမှ ပုစွန်၊ ငါးမွေးမြူရန်လျှောက်ထားတဲ့ ဧရိယာ ၃၄၆.၄၁ ဧကနဲ့ ပတ်သက်ပြီး လက်ရှိမွေးမြူထားမှုအခြေအနေကို ပြန်လည်စိစစ်ရန် ဆုံးဖြတ်ခဲ့တဲ့အတွက် လက်ရှိမှာ ပြည်နယ်လုပ်ငန်းအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိဆဲဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ TMP ကုမ္ပဏီအနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များလုပ်ပိုင်ခွင့် လျှောက်ထားတဲ့ဧရိယာ ၃၄၆.၄၁ ဧကအနက် ၁၈၁.၅၇ ဧကကို တောခုတ်ထွင် ရှင်းလင်းပြီးဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ အဲဒီဧရိယာ ၁၈၁.၅၇ ဧကမှာ ပုစွန်ကန် ၁၂ ကန်အတွက် တာပေါင်တွေတည်ဆောက်ထားကြောင်း တွေ့ရပါတယ်။ ကန်မဖော်ရသေးတဲ့ ဧရိယာ ၁၀၈.၁၅ ဧက ရှိပါတယ်။ တောခုတ်ထွင်ရှင်းလင်းဖို့ ၅၆.၇၉ ဧက ကျန်ကြောင်းနှင့် အဆိုပါ ဧရိယာအတွင်း ဒီရေပင် များပေါက်ရောက်လျှက်ရှိကြောင်း ပြန်လည်ကွင်းဆင်းမှုအရ စိစစ်သိရှိရပါတယ်။ TMP ကုမ္ပဏီ အနေနဲ့ ခွင့်ပြုချက်မရမီ ယခင်လုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် တောင်ကုတ်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်အသုံးပြုခြင်း

မပြုဖို့ ကုမ္ပဏီကို အသိပေးအကြောင်းကြား ဆောင်ရွက်ထားခဲ့တဲ့နောက် လုပ်ငန်းများ ဆက်လက်တိုးချဲ့လုပ်ဆောင်ခြင်းမရှိဘဲ ရပ်တန့်ထားတဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် တောင်ကုတ်မြို့နယ်၊ ခူးကျေးရွာအုပ်စုနှင့် ဂျီဝကျေးရွာအုပ်စုမှာရှိတဲ့ မြေလွတ်၊ မြေရိုင်းဧရိယာ ၃၄၆.၁ ဧကကို TMP ကုမ္ပဏီမှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဖို့ မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားမှုကို ဥပဒေနဲ့အညီဖြစ်စေဖို့ ပြည်နယ်မှာ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း အခြေအနေကို သိရှိရပါတယ်။ ဗဟိုကော်မတီက ခွင့်ပြုပေးထားခြင်း မရှိသေးတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ အဆိုပါ လျှောက်ထားလာမှုအပေါ် လိုအပ်တဲ့စိစစ်မှုများ ဆောင်ရွက်လျက်ရှိနေဆဲ အခြေအနေဖြစ်၍ ပြီးတော့ ဗဟိုကော်မတီက လုပ်ငန်းအပေါ် ဥပဒေနှင့် အညီ စိစစ်ပြီးမှသာ အကယ်၍ ခွင့်ပြုပေးနိုင်မှသာ လုပ်ထုံးလုပ်နည်းနှင့် လိုအပ်တဲ့ EIA၊ SIA နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေက စိစစ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လက်ရှိ အနေ အထားမှာတော့ ခွင့်ပြုမိန့်မရမီ အသုံးပြုထားတဲ့အပေါ်မှာ ဆက်လက်ဆောင်ရွက်ခြင်းမပြုဖို့ သက်ဆိုင်ရာကော်မတီကို တားမြစ်ထားမှုရှိပြီးတော့ ခွင့်ပြုချက်မရမီ ကြိုတင်ဆောင်ရွက်ထားမှုတွေကို ယခု ပြင်ဆင်ပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်သွားရန် ရှိပြီဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ အခုလို ဝန်ကြီးက ဖြေကြားသွားတဲ့အပေါ်မှာ အင်မတန်မှကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးပြောသွားတဲ့အထဲမှာ TMP ကုမ္ပဏီကနေပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို လျှောက်တဲ့အခါမှာ ကျွန်မတို့ ဒီရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ကန့်ကွက်မှုမရှိဘူးလို့ ပြောခဲ့ရတယ်လို့ပြောပါတယ်။ တကယ်တော့ ဒီကန့်ကွက်မှုမရှိဘူးဆိုတာ လုပ်ကိုင်ခွင့် ခွင့်ပြုချက်ပေးတာ တော့မဟုတ်ပါဘူး။ ဒီစီမံကိန်းအပေါ်မှာ ကန့်ကွက်ချက်မရှိပါဘူးဆိုပြီးတော့ ပြောခဲ့တာပဲရှိပါတယ်။ ကျန်တဲ့လုပ်ရမယ့် အခန်းကဏ္ဍတွေလည်း ရှိပါတယ်။ နောက်တစ်ချက်က ချောင်းတွေ၊ မြောင်းတွေကို ပိတ်ဆို့ထားခြင်းမဟုတ်ဘူးဆိုတာဟာလည်း တကယ့်တကယ်မြေပြင်နဲ့ကွဲလွဲနေတယ်လို့ ကျွန်မထင်ပါတယ်။ ဘာကြောင့်မို့လို့ဆိုတော့ ကျွန်မအဲဒီနေရာကို ကျေးရွာတွေ၊ ကျွန်းတွေကို ဆင်းတဲ့အခါမှာ

အဲဒီနေရာက ခဏခဏစက်လှေနဲ့ဖြတ်သွားနေရတဲ့အတွက်ကြောင့်မို့လို့ ကျွန်မပိုပြီးတော့ သိပါတယ်။ နောက်တစ်ချက်က ဝန်ကြီးပြောသွားတဲ့အထဲမှာ ဧရိယာနှင့်ပတ်သက်ပြီးတော့လည်း နည်းနည်းလေး တော့ မြေပြင်နဲ့ကွဲလွဲနေတယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ကော ကျွန်မတို့ သေချာကွင်းဆင်းပြီးတော့ စစ်ဆေးချင်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ထပ်မံပြီးတော့ စနစ်တကျ ကွင်းဆင်းဖို့အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ အဆိုပါအကြောင်းအချင်းအရာကိစ္စရပ်နှင့်ပတ်သက်ပြီး တော့ ပြည်နယ်အစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်နေဆဲအခြေအနေဖြစ်ပါတယ်။ ဒီလို စစ်ဆေး ဆောင်ရွက်တဲ့အခါမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းမှာပါဝင်တဲ့ ကိစ္စရပ်တွေ လည်း ရှိလာမှာဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေအပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပြီးတော့ စိစစ် ရရှိမှုအခြေအနေပေါ် မူတည်ပြီးမှ မိမိတို့ဆက်လက်ဆောင်ရွက်သွားရမယ့် အခြေအနေမျိုးလည်း ဖြစ်ပါတယ်။ နောက်တစ်ချက်က လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုသလို ဒီကဲ့သို့သော အကြောင်းအချင်းအရာကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ ဗဟိုအဆင့်ကနေပြီးတော့ အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးတော့ စစ်ဆေးဆောင်ရွက်ရမှု အခြေအနေများလည်း ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ လိုလားချက်ရှိမယ်ဆိုရင် မိမိတို့ဗဟိုကနေပြီးတော့ အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီးတော့ ထပ်မံ စစ်ဆေးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စေတုတ္တရာမြို့နယ်ရှိ မုန်းတမံတွင် နှစ်စဉ်အနယ်အနှစ်များပို့ချမှုကြောင့် တဖြည်းဖြည်းကောလာကာ ရေဝပ်ဧရိယာနည်းပါးလာပါသဖြင့် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေသ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ မုန်းတမံရေဝပ်ဧရိယာမှာ နုန်းအနည်အနှစ်တွေပို့ချတာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါခင်ဗျား။ မုန်းချောင်းရေလှောင်တမံကို ၁၉၉၅-၁၉၉၆ ခုနှစ်မှစတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၀၆-၂၀၀၇ ခုနှစ်မှာပြီးစီးခဲ့ပါတယ်။ တမံရဲ့အလျား ၆၄၉၀ ပေ၊ အမြင့် ပေ ၂၀၀ ရှိပြီးတော့ ကန်ရေပြည့်ရေလှောင်ပမာဏ RL 520 မှာ ၆၇၄၄၀၀ ဧကပေ၊ ကန်ရေသေ ရေလှောင်ပမာဏ RL 493.5 ပေမှာ ၁၁၀၀၀ ဧကပေရှိပါတယ်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတော့ ရေဆင်းဧရိယာ ၁၄၆၈ စတုရန်းမိုင်ရှိပါတယ်။ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံဟာ ၂၅ မဂ္ဂါဝပ် ဂျင်နရေတာ သုံးလုံးတပ်ဆင်ထားပြီးတော့ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ၃၃၀ ကီလိုဝပ်နာရီသန်း ပေါင်း ထုတ်လုပ်ပေးပါတယ်။ မုန်းတမံရေဝပ်ဧရိယာမှာ ရွာပေါင်း ၁၃ ရွာနဲ့ လယ် ၁၁၉၃ ဧက၊ ယာမြေ ၃၄၇၇ ဧက စုစုပေါင်း ၄၆၇၀ ဧက နစ်မြုပ်ခဲ့ပါတယ်။

စေတုတ္တရာမြို့ဟာ မုန်းတမံရဲ့အောက် နှစ်မိုင်ခန့်အကွာမှာတည်ရှိပါတယ်။ မုန်းတမံထဲကို ရခိုင်ရိုးမတောင်ကြောက ချောင်းငယ်၊ မြောင်းငယ်၊ ချောင်းရေ၊ မြောင်းရေများ၊ နတ်မတောင်ချောင်းက ချောင်းရေ၊ မြောင်းရေများစီးဝင်ကာ အနည်အနှစ်တွေပို့ချလျက်ရှိပါတယ်။ မိုးသည်းထန်ရေကြီးတဲ့ အခါ ချောင်းရေ၊ မြောင်းရေ၊ တောင်ကျချောင်းရေများနဲ့အတူ တောတောင်များမှသစ်တုံး၊ သစ်ပင်၊ ဒိုက်တောများမြောပါလာပြီးတော့ တမံရေပြင်ထဲမှာ ဘောလုံးကွင်းနှစ်ကွင်း၊ သုံးကွင်းစာလောက် အစုအဝေးကြီးဖြစ်နေတဲ့အတွက် ဒေသခံစက်လှေတွေသွားလာရာမှာ အခက်အခဲတွေ့ကြရပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဟုတ်ကဲ့။ ဒါကတော့ မုန်းတမံရေဝပ်ဧရိယာ ထဲမှာ ပါဝင်တဲ့ တမံနဲ့ ၁၂ မိုင်ခန့်ကွာဝေးတဲ့ ချီကျေးရွာဟောင်းက စေတီတော်ရွာ၊ ချီရွာဟောင်းဟာ ယခင်က မုန်းချောင်းမျက်နှာပြင်ရဲ့အထက် ပေ ၂၀ ခန့်အမြင့်မှာ တည်ရှိပါတယ်။ နုန်းအနည်တွေ ဖုံးလွှမ်းပြီးတော့ ရွာဟောင်းကုန်းမြေပေါ်က စေတီတော်တွေပါ ရှစ်ပေခန့်နစ်မြုပ်နေတာမို့ ယခင် မူလ မုန်းချောင်းမျက်နှာပြင်အထက်ကို ၂၈ ပေလောက် နုန်းထုကြီးဖုံးလွှမ်းလာပါတယ်။ ဟုတ်ကဲ့။ ဒါကတော့ တမံရဲ့အထက် ၁၀ မိုင်ခန့်အကွာမှာရှိတဲ့ ကုန္တယားကျေးရွာမှာ နုန်းတွေပို့ချပြီးတော့ကာ နှစ်စဉ်

နှစ်တိုင်းပဲ နွားတွေ၊ ကျွဲတွေ နုန်းထဲမှာကျွံပြီးတော့ ကယ်ဆယ်ရေးတွေလုပ်ကြရပါတယ်။ မသိခဲ့ရင် အဲဒီကျွဲတွေ၊ နွားတွေဟာ သေဆုံးပြီးတော့ ဒုက္ခရောက်ကြရပါတယ်ခင်ဗျား။

ရေလမ်းခရီးသာရှိတဲ့ ဒီရွာတွေဟာ ယခုလိုရေကျချိန်မှာ နုန်းတွေတင်ကျန်ခဲ့လို့ သွားလာရေး အတိဒုက္ခရောက်ကြရပါတယ်။ ယခုလို နုန်းအနည်တွေပို့ချကာ ရေဝပ်ဧရိယာနည်းပါးလာခြင်းကြောင့် တမံရေဝပ်ဧရိယာထဲက ကျေးရွာတွေဟာ ဆက်သွယ်သွားလာရေး၊ နေထိုင်စားသောက်ရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ ကုန်စည်ပို့ဆောင်ရေးအဘက်ဘက်က အခက်အခဲများတွေ့ကြုံ ကြရပါတယ်။ နွေကာလမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစွမ်းအားကိုလည်း လျော့ကျစေပြီးတော့ မိုးသည်းထန်ရေကြီးပါက တမံအောက်ဘက် စေတုတ္တရာမြို့နယ် ပြည်သူများအတွက် စိုးရိမ်ဖွယ် အခြေအနေပါ။ ငလျင်ကြီးတွေလှုပ်ခတ်လာရင်လည်း အန္တရာယ်ကြီးလှပါတယ်။ ပြီးခဲ့တဲ့နှစ်က လာအို နိုင်ငံအရှေ့တောင်ပိုင်း၊ ဂျမ်းပါးဆက်ဆည်ကျိုးပေါက်ပြီးတော့ လူ ၄၀ ကျော်သေဆုံးကာ ၁၀၀၀ ကျော် ပျောက်ခဲ့တဲ့ဖြစ်စဉ်၊ မကြာသေးမီက ဘရာဇီးနိုင်ငံ၊ ဘူမာတင်ဟိုမြို့အနီးက သံသတ္တုမိုင်းဆည် ကျိုးပေါက်လို့ လူ ၁၄၂ ဦး သေဆုံးကာ ၁၉၄ ဦးပျောက်ဆုံးနေတဲ့ဖြစ်စဉ်၊ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဆွာချောင်းရေလျှောင်တမံကျိုးပေါက်လို့ အနီးအနားရွာ ၂၃ ရွာက လူဦးရေ ၅၄၀၀၀ ကျော် အရေးပေါ်ပြောင်းရွှေ့ခဲ့ရပြီးတော့ သေဆုံးမှုတွေရှိခဲ့တဲ့ဖြစ်စဉ်တွေဟာ ကျွန်တော်တို့ တွေ အထူးသတိကြီးစွာနဲ့ စနစ်တကျကြိုတင်ကာကွယ်စောင့်ရှောက်ဖို့လိုအပ်နေပြီဆိုတာကို မီးမောင်း ထိုးပြသနေတာပါ။ ဒေသခံတွေအတွက်တော့ တမံကြီးရဲ့မဆုံးနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို လည်စင်းခံနေကြရတာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ စေတုတ္တရာမြို့နယ် မုန်းတမံမှာ နှစ်စဉ်အနည်အနှစ်များပို့ချမှုကြောင့် တဖြည်းဖြည်း ကောလာကာ ရေဝပ်ဧရိယာနည်းပါးလာပါသဖြင့် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မေးခွန်းအပေါ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်းမှာရှိတဲ့ မုန်းချောင်းရေလှောင်တမံမှာ ၂၀၀၆ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ သက်တမ်းအားဖြင့် ၁၂ နှစ်ခန့် ရှိလာပြီဖြစ်ပါတယ်။ လက်ရှိမှာ ဆည်ရေဝင်ရောက်မှုနှင့်အညီ မုန်းချောင်းရေလှောင်တမံအတွင်း စီးဝင်ရေတွေကိုထိန်းညှိသိုလှောင်ပြီးတော့ နှစ်စဉ်လျှပ်စစ်ဓာတ်အားပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ရေလှောင်တမံရဲ့အောက်ဘက် ပွင့်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ မုန်းချောင်းပေါ်မှာ မယ်ဇလီရေလွှဲဆည်ကို ရေကူဖြည့်တင်းပြီးတော့ ဆည်ရေသောက်ဧရိယာဧက ၈၂၆၂၃ ဧကအတွက် မိုးစပါး၊ နွေးစပါးစိုက်ပျိုးရေပေးဝေနေတဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာတစ်ချက်တည်းရှိပါတယ်။ ချို့ယွင်းချက်ကိုကင်းလွတ်ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လက်ရှိဒီဇိုင်းအရ ပြုလုပ်ထားတဲ့ မုန်းချောင်းရေလှောင်တမံဖြတ်ပိုင်းပုံဖြစ်ပါတယ်။ မိမိအနေနဲ့ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းချောင်းရေလှောင်တမံ တည်ဆောက်ဖို့အတွက် ဒီဇိုင်းပုံစံရေးဆွဲခဲ့စဉ်က ရေလှောင်တမံတည်ဆောက်မယ့်နေရာနဲ့ အထက်ပိုင်းမှာရှိတဲ့ ရေဆင်းဧရိယာအကျယ်အဝန်းနှင့် တစ်နှစ်အတွင်း ပျမ်းမျှသဲနုန်းပို့ချတဲ့နှုန်းထားကို အခြေခံပြီးတော့ နှစ် ၅၀ သက်တမ်းအချိန်အတွင်းမှာ စုစုပေါင်းသဲနုန်းပို့ချနိုင်မှုထုထည်ပမာဏကို ခန့်မှန်းတွက်ချက်ခဲ့ပါတယ်။ သဲနုန်းပို့ချနိုင်မှု ထုထည်ပမာဏကိုမူတည်ပြီး ရေလှောင်တမံရဲ့ ထုတ်ယူအသုံးပြုခြင်းမပြုတဲ့ ရေသေအမှတ်(Dead Storage Level)ကို သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ရေသေအမှတ်(RL 440) ရဲ့အထက်မှာသာ ရေထုတ်ပြွန်ပေါက်ကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ဒီဇိုင်းပြုလုပ်တည်ဆောက်ထားတဲ့ ရေလှောင်တမံရဲ့သက်တမ်း နှစ် ၅၀ ကာလအတွင်း သဲနုန်းပို့ချမှုဟာ ကန်ရေသေအမှတ်အထက် ကျော်လွန်ခြင်းမရှိစေဖို့နဲ့ ရေထုတ်ပြွန်ရေပေါက်ကနေ ရေထုတ်လွှတ်နိုင်မှုကို မထိခိုက်စေဖို့ စီမံဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းချောင်းရေလှောင်တမံရဲ့ဒီဇိုင်း ပြုစုသတ်မှတ်ထားတဲ့ ကန်ရေသေအမှတ်(RL 440) ပေအောက်မှာရှိတဲ့ ရေသေရေလှောင်ပမာဏဟာ ဧက ၁၁၄၁၀၀ ပေ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ တမံရေဝပ်ဧရိယာအတွင်း သဲနုန်းပို့ချမှုကို တိုင်းတာစစ်ဆေးခဲ့စဉ်က တမံသက်တမ်း ၁၂ နှစ်ကာလအတွင်း သဲနုန်းထုထည်ဟာ RL 368 ပေအထိ ပမာဏအားဖြင့် ၂၁၆၀၀ ပေခန့် ဝင်ရောက်လျက်ရှိပါကြောင်း တွေ့ရပါတယ်။ အဲဒါကြောင့် ရေသေရေလှောင်ပမာဏရဲ့ ၁၉ ရာခိုင်နှုန်းသာ သဲနုန်းဝင်ရောက်မှုရှိတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆည်မြောင်းနဲ့ ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ရေလှောင်တမံအတွင်းမှာရှိတဲ့ သဲနုန်းပို့ချမှု၊ ရေရှည်တည်တံ့မှုတို့အတွက် လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနဲ့အညီ စောင့်ကြပ်စစ်ဆေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိနေပါတယ်။

သို့ဖြစ်တဲ့အတွက် လက်ရှိအခြေအနေအရ သဲနုန်းပို့ချမှုအတော်အတန်သင့်ရှိသော်လည်းပဲ မူလဒီဇိုင်းပြုလုပ်သတ်မှတ်ထားတဲ့ ကန်ရေသေအမှတ်အောက်မှာသာ ရှိနေသေးတဲ့အတွက် ရေထုတ်ပြွန်ကနေ ရေထုတ်လွှတ်ပေးမှုကို ထိခိုက်မှုမရှိနိုင်သေးတဲ့အခြေအနေဖြစ်ပါတယ်။ ဒါ့အပြင် မိုးစပါး၊ နွေစပါး၊ စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက်လည်း ထိခိုက်ခြင်းမရှိတဲ့အခြေအနေဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် ဆက်စပ်မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ အခုလို ဒုတိယဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးခွန်းအနေနဲ့ ဒီလိုနုန်းအနည်အနှစ်တွေ ပို့ချလာတဲ့အတွက် ရေကြီးရေလျှံဘေးတွေ တွေ့ကြုံလာတဲ့အခါမှာ တမံအောက်ဘက်က စေတုတ္တရာပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းဖို့ ကြိုတင်သတိပေးစနစ်တွေနဲ့ မည်ကဲ့သို့အန္တရာယ်ကင်းအောင် ကာကွယ်ဆောင်ရွက်ပေးတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ သိရှိလိုတဲ့အတွက် တစ်ဆက်တစ်စပ်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားပါ့မယ်။

အားလုံးသိကြတဲ့အတိုင်း ကမ္ဘာနဲ့အဝန်းဖြစ်ပေါ်ခဲ့တဲ့ သဘာဝကြီးပြောင်းလဲမှုကြောင့် မိမိတို့မှာရှိတဲ့ သယံဇာတတွေရဲ့ကျိန်စာသင့်နေတဲ့နိုင်ငံထဲမှာ မိမိတို့နိုင်ငံလည်းပါပါတယ်။ ကျိန်စာသင့်တဲ့နိုင်ငံထဲမှာ ပါလာတဲ့အကြောင်းတရားကတော့ မိမိတို့မှာရှိတဲ့ သဘာဝသစ်တောသယံဇာတ၊ သတ္တုသယံဇာတ စတဲ့ သယံဇာတတွေကို အလွန်အကျွံထုတ်ယူသုံးစွဲကြမှုကြောင့် ဖြစ်ပေါ်လာတဲ့သဘာဝတွေ ယိုယွင်းလာတာ တဖြည်းဖြည်းနဲ့ မိမိတို့တည်ဆောက်ထားတဲ့ အဓိကအားဖြင့် ဆည်မြောင်းတာတမံတွေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြသွားသလိုပဲ နုန်းပို့ချမှုတွေဟာ အများကြီးဖြစ်လာခဲ့ပါတယ်။ ဒီလို အကြောင်းအချင်းအရာဖြစ်ပေါ်လာတဲ့အလျောက် ဒီသဘာဝဘေးကာကွယ်နိုင်ရေးနဲ့ စပ်လျဉ်းပြီး မိမိတို့လုပ်ငန်းဆိုင်ရာ လုပ်နည်းစဉ်တွေနဲ့အညီ သက်ဆိုင်ရာဆည်မြောင်းတာတမံတွေများမှာလည်း လိုအပ်တဲ့အစီအမံတွေ ချမှတ်ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့ အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူမြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့စီမံထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း ဖြစ်ပါတယ်။ မေးခွန်းမမေးခင် ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဒေသရဲ့အရေးပေါ် အခြေအနေအရ အချိန်နှင့်တစ်ပြေးညီ မေးခွန်းကို ခွင့်ပြုပေးခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ယနေ့ ကျွန်မမေးမယ့်မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီးဟာ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလအတွင်း ပေါက်ခေါင်းမြို့နယ်သူမြို့နယ်သားများ လုံခြုံ

စိတ်ချရစေရန် မည်ကဲ့သို့စီမံထားရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ တောင်နဝင်းရေလှောင်တမံဟာ ပေါက်ခေါင်းမြို့နယ်၊ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်မှာ တည်ရှိပြီး တမံအမြင့် ၁၄၁ ပေ၊ တမံအလျား ၁၆၆၇၄ ပေရှိ မြေသားတမံဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံကို ၁၉၈၅-၁၉၈၆ ခုနှစ်မှ ၁၉၉၄-၁၉၉၅ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံဟာ ဆည်ရေသောက် မြေဧရိယာ ၅၇၂၅၈ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုခဲ့တဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ မကြာသေးမီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းကြည့်ရှုတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှုခဲ့ကြတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ မြေသားတမံကြီးရဲ့ထိပ်မျက်နှာပြင် နိမ့်ကျသွားတဲ့ပုံတွေ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လဆန်းပိုင်းကစပြီးတော့ တောင်နဝင်းရေလှောင်တမံ ထိပ်ပြင်မြေသားအလျားပေ ၁၀၀ အတွင်းမှာ တစ်ပေခန့်နိမ့်ကျပြီးတော့ မြေသားပေါင်ပေါ်မှာ အက်ကွဲကြောင်းတွေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများ အထူးစိုးရိမ်လျက်ရှိကြပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေပါသော်လည်း ယခုအချိန်အထိ အက်ကွဲကြောင်းများမှာ ပိုမိုကြီးမားလာခြင်း၊ မြေသားပေါင်ကြီးမှာ ပိုမိုနိမ့်ကျလာခြင်းတို့ကြောင့် ဒေသခံများဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ထိုကဲ့သို့ဖြစ်ရပ်များ ဖြစ်ပေါ်လာသော်လည်း စူးစမ်းလေ့လာမှုများမှ ပြင်ဆင်သည့်အဆင့်သို့ မရောက်ရှိသေးပါသဖြင့် မိုးရာသီကာလ ရေသိုလှောင်မှုနှင့်ပတ်သက်၍ ရေလှောင်ပမာဏ ပိုမိုများပြားလာသည့်အခါ တမံကြီး၏ ကြံ့ခိုင်မှုအခြေအနေကို ပြည်သူများမှာ ပိုမိုစိုးရိမ်ထိတ်လန့်လာကြပါတယ်။ ၄-၂-၂၀၁၉ ရက်နေ့ နံနက် ၅ နာရီခန့်မှာ စတုတ္ထအကြိမ်မြောက် ငလျင်ထပ်မံလှုပ်ခတ်တဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူ မြို့နယ်သားများရဲ့စိုးရိမ်ထိတ်လန့်မှုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ ယင်းအခြေအနေများကြောင့် မိုးရာသီကာလ မတိုင်မီနဲ့ မိုးရာသီအတွင်းရေလှောင်ပမာဏ ပိုမိုများပြားလာပါက တမံကြီး၏လုံခြုံစိတ်ချရမည့်

အနေအထားကို မည်ကဲ့သို့စီမံထားရှိကြောင်း သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒီမေးခွန်း မေးခွင့်ရဖို့ကို ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်သလို အချိန်အခါနှင့်အညီ ဒီမေးခွန်းကိုမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ဝန်ကြီးဌာနက များစွာကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်အတွင်း တည်ရှိတဲ့ တောင်နဝင်းရေလှောင်တမံကို ဒေသစိုက်ပျိုးမြေဧက ၅၇၂၅၈ ဧကမှာ မိုးစပါး၊ နွေစပါး၊ ကျန်သီးနှံနဲ့အခြားသီးနှံတွေ စိုက်ပျိုးရေပေးဝေစိုက်ပျိုးနိုင်ဖို့ရည်ရွယ်ပြီးတော့ ၁၉၈၄-၁၉၈၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ရေလှောင်တမံဖြစ်ပါတယ်။ တည်ဆောက်မှုကာလ ၁၀ နှစ်တာကာလကြာမြင့်ခဲ့ပြီးတော့ စနစ်တကျအချိန်ယူတည်ဆောက်ခဲ့တဲ့ ရေလှောင်တမံကြီးတစ်ခုလည်းဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ တမံအလျားအနေနဲ့ကတော့ ၁၆၆၇၄ ပေနဲ့ တမံအမြင့် ၁၄၁ ပေရှိပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏက ဧကပိုင် ၁၈၇၀၀၀ ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့အတိုင်း ယခုနှစ်နှစ်ဆန်းကာလ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ ရေလှောင်တမံရဲ့ ပေတိုင် (၅၆၅၀) ကနေ (၆၁၀၀) ကြား၊ တမံထိပ်ပြင်(Crest)မှာ အက်ကြောင်းပေါ်ထွက်ခဲ့ပါတယ်။ အဆိုပါဖြစ်ရပ်ပေါ်မှာ ပေါ်ပေါက်လာတာနဲ့အညီ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်တွေ၊ ဂျပန်နိုင်ငံအတိုင်ပင်ခံပညာရှင်များနဲ့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီတို့မှ အင်ဂျင်နီယာပညာရှင်တွေက အချိန်နှင့်တစ်ပြေးညီ ရေလှောင်တမံကို အသီးသီးကွင်းဆင်းစစ်ဆေးမှုရှိခဲ့ပါတယ်။ အဆိုပါကွင်းဆင်းစစ်ဆေး

ခဲ့တဲ့ ပညာရှင်တွေရဲ့သုံးသပ်ချက်အရ ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့အနီးဝန်းကျင်ကို ဗဟိုပြုပြီး ၂၀၁၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရတဲ့ မြေငလျင်လေးကြိမ်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေ အုတ်မြစ်ကျောက်သားဟာ လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပြီး တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း အက်ကြောင်း ဖြစ်ပေါ်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်စစ်ဆေးရရှိပါတယ်။ အက်ကြောင်းစတင်ဖြစ်ပေါ်တဲ့နေ့ရက် ကစပြီး အက်ကြောင်းအတိုင်းအတာပမာဏပြောင်းလဲလာမှုရှိ/မရှိ၊ တမံထိပ်မျက်နှာပြင်နိမ့်ကျ ပြောင်းလဲနိုင်မှု ရှိ/မရှိ၊ တမံကိုယ်ထည်ရွေ့လျားမှု(Dam Body Displacement) ရှိ/မရှိတို့ကို မိမိတို့ဌာနအနေနဲ့ ၂၄ နာရီအချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ တမံကိုယ်ထည်နဲ့ အောက်ခံအုတ်မြစ်အခြေ အနေတွေကို ဘူမိရူပဗေဒဆိုင်ရာပုံရိပ်ဖမ်းခြင်းနည်းပညာ စမ်းသပ်နှံ့တွင်းများတူးဖော်ပြီး မြေသိပ်သည်းဆစစ်ဆေးသောနည်းလမ်းတို့နဲ့ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းတွေကို စမ်းသပ် မြေပြင်နေရာမှာ ခုနစ်နေရာတူးပြီးတော့ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လက်ရှိတူးဖော်ပြီးစီးခဲ့တဲ့ စမ်းသပ်တွင်းတွေရဲ့စစ်ဆေးတွေ့ရှိချက်အရ တမံ ကိုယ်ထည်မြေသားရဲ့ သိပ်သည်းဆဟာ မူလဒီဇိုင်းပြုပြင်တည်ဆောက်ထားတဲ့မြေပြင်မြေသား သိပ်ဆည်းဆဂုဏ်သတ္တိများအတိုင်းရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တမံအောက်ခံအုတ်မြစ်ရဲ့ အလွှာအချို့မှာတော့ မြေငလျင်ရဲ့လှုပ်ခတ်မှုဒဏ်သက်ရောက်မှုကြောင့် ပုံသဏ္ဌာန်ပျက်ယွင်းမှု အနည်းငယ်ဖြစ်ပေါ်နေကြောင်း တွေ့ရပါတယ်။

မြေငလျင်လှုပ်ခတ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်ကို ကြိုတင်သိရှိနိုင်ခြင်းမရှိတဲ့အလျောက် ဖြစ်ပေါ်လာတဲ့အခြေအနေအပေါ်မှာ မူတည်ပြီးတော့ တမံရဲ့ဘေးကင်းလုံခြုံမှုအတွက် အချိန်နှင့် တစ်ပြေးညီကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ စီမံလုပ်ဆောင်ခဲ့ပါတယ်။ ဌာနမှသတ်မှတ် ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်စဉ်မျက်မြင်စစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးမှုလုပ်ငန်းစဉ် များအတိုင်း စောင့်ကြည့်စစ်ဆေးစီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် တမံရဲ့ အခြေအနေမှန်ကို အချိန်နှင့်တစ်ပြေးညီ ဒေသနေပြည်သူတွေစောင့်ကြည့်ပြီး လိုအပ်မည့်အစီအစဉ် များဆောင်ရွက်နိုင်ရေးအတွက်ကိုလည်းပဲ ဌာနမှစီမံဆောင်ရွက်နေမှုများကိုလည်း အချိန်နှင့်တစ်ပြေး ညီ သိရှိနိုင်ရေးအတွက်ကိုလည်း CCTV ကင်မရာရှစ်လုံး တပ်ဆင်ပြီးတော့ ဆောင်ရွက်ထားမှုရှိ ပါတယ်။ အလားတူ ရေလှောင်တမံနှင့်ပတ်သက်ပြီး ပြည်သူများ စိုးရိမ်ကြောင့်ကြမှုလျော့နည်းစေဖို့

အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ဆည်မြောင်းပညာရှင်၊ ဂျပန်ပညာရှင်တို့မှ ဒေသခံပြည်သူတွေကို အခါမလပ်ဖြစ်ပေါ်တိုးတက်ဖို့အခြေအနေတွေကိုလည်း ရှင်းလင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဂျပန်နိုင်ငံ ဆည်မြောင်းပညာရပ်ဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ Sanyu အဖွဲ့က ဘူမိဗေဒပညာရှင်တစ်ဦးလည်း လိုအပ်တဲ့ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဘူမိဗေဒပညာရှင်ရဲ့ အကြံပြုချက်နှင့်အညီ တမံအက်အကြောင်းကို ချဲ့ထွင်တူးဖော်ပြီး အက်ကြောင်းအတွင်းကို ဓာတုဆေးရည်ဖြည့်သွင်းပြီးတဲ့နောက် ဘူမိရူပဗေဒဆိုင်ရာနည်းပညာနှင့် ပုံရိပ်ဖမ်းပြီး အက်ကြောင်းဖြစ်ပေါ်မှုပုံစံနှင့်အတိမ်အနက်ကို တိကျစွာသိရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ မကြာမီမှာလည်းပဲ ဂျပန်နိုင်ငံ Sanyu အတိုင်ပင်ခံအဖွဲ့မှ တမံဆိုင်ရာကျွမ်းကျင်အင်ဂျင်နီယာတစ်ဦးထပ်မံ ရောက်ရှိလာမည်ဖြစ်ပြီးတော့ မြန်မာပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။

လတ်တလောစူးစမ်းလေ့လာတိုင်းတာမှုတွေအရ ရရှိတဲ့အချက်အလက်တွေအပေါ် အခြေခံပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ မိမိတို့ဝန်ကြီးဌာနမှ ဆည်မြောင်းပညာရပ်ဆိုင်ရာ ပညာရှင်များ၊ ဂျပန်နိုင်ငံမှပညာရှင်များနှင့် တောင်နဝင်းရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံတွေကို အကြေအလည် သုံးသပ်ဆွေးနွေးပြီး အသေးစိတ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရေလှောင်တမံ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် တမံရဲ့အခြေအနေကို အချိန်ပြည့်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းတွေနှင့်အတူ စီမံဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ လာမယ့်မိုးရာသီကာလအတွင်းမှာလည်း ရေသိုလှောင်ထိန်းသိမ်းမယ့် အခြေအနေတွေကိုလည်းပဲ ချိန်ဆစီမံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်တွေကို တင်ပြရမယ်ဆိုရင် တမံရဲ့အောက်ခံအုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်း၊ တမံကိုယ်ထည်ရဲ့နောက်ဘက်မှ မြေသားပိုးပြီး မြေဖို့ခြင်းတို့ကို တစ်ပြိုင်နက်စတင်ဆောင်ရွက်ခြင်း၊ ထို့နောက် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်မှုပုံစံကို အက်ကြောင်းမြေပုံရေးဆွဲခြင်း၊ တစ်ဆက်တည်းမှာပင် တစ်မီတာအနက်တူးဖော်ကာ တွေ့ရှိရတဲ့အခြေအနေကို အက်ကြောင်းမြေပုံထပ်မံရေးဆွဲခြင်း၊ အက်ကြောင်းအတွင်းကို ဘိလပ်မြေ၊

မြေဖယောင်း၊ အလွန်သေးငယ်တဲ့ စီလီကွန်နန်းမျှင်များနဲ့ နာနိုနည်းပညာသုံး ဓာတုဗေဒပစ္စည်းများ ရောစပ်ထည့်သွင်းခြင်း၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုအပေါ် မူတည်၍ အနက် သုံးမီတာမှ ငါးမီတာအထိ မြေသားဖယ်ရှားခြင်း၊ ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် အက်ကြောင်းမြေပုံရေးဆွဲခြင်းတို့ကို တစ်မီတာချင်းအလိုက် အဆင့်ဆင့်ဆောင်ရွက်သွားခြင်း၊ အများဆုံးငါးမီတာအထိ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် အက်ကြောင်းဖြစ်ပေါ်မှုရှိ/မရှိ စစ်ဆေးတွေ့ရှိချက် အရ အက်ကြောင်းတွေ့ရှိပါက အက်ကြောင်းများအတွင်း ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် လိုအပ်တဲ့ ပြုပြင်ပြီးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက် သွားဖို့ ရှိပါတယ်။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်တွေပြီးမယ်ဆိုရင်တော့ အဆိုပါမြေသားဖယ်ရှားထား ပြီးဖြစ်တဲ့ တမံထိပ်ပြင်အပိုင်းကို တမံမြေဖို့ခြင်းလုပ်ငန်းစဉ်တွေအတိုင်း စနစ်တကျပြန်လည်မြေဖို့ ဆောင်ရွက်သွားခြင်းတို့ကိုလည်း အကော်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်နဝင်းရေလှောင်တမံရဲ့ ထိပ်ပြင်အပေါ်ပိုင်းမှာ ယခုလို အက်ကြောင်း ဖြစ်ပေါ်မှုနှင့်ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အလျောက် လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဂျပန်ပညာရှင်တွေရဲ့ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန်နိုင်ငံ၊ ဆည်မြောင်း ပညာရပ် အဆင့်မြင့်နည်းပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Technical Institute of Rural Development Committee ရဲ့ စူးစမ်းလေ့လာမှုစံနှုန်းသတ်မှတ်ချက်များနှင့်အညီလည်း ထပ်မံ စူးစမ်းလေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုများ လျော့ပါးသွားစေမှုကနေပြီးတော့ ပူပင်သောကများ ကွယ်ပျောက်သွားပြီး မိမိတို့ရဲ့ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ စိတ်ချလုံခြုံစေမယ့် အခြေအနေ ဖန်တီးဖြစ်ပေါ်လာနိုင်မယ့်အနေအထားအထိ အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒုတိယဝန်ကြီးအနေနဲ့ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပြီးတော့ ကျွန်မတို့ကို ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။

မူကြမ်း

ကျွန်မတို့မြို့နယ်ကိုယ်စား ပြောကြားလိုပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့မြို့နယ် ပြည်သူတွေအနေနဲ့လည်း နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအမြန်ဆုံးလာရောက် ကြည့်ရှုစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်မအနေနဲ့ မေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ထပ်ပြီးတော့ သွားချင်တဲ့ဆန္ဒရှိပါတယ်။ သို့သော်လည်းပဲ အကြောင်း၊ အကြောင်းလေးတွေရှိသေးတဲ့ အလျောက် မကြာမီအချိန်အတွင်းမှာ ဝန်ကြီး သို့မဟုတ် မိမိ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆန္ဒ အတိုင်းဆောင်ရွက်ပေးဖို့ ဖြည့်ဆည်းလုပ်ကိုင်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကြယ်ပွင့်ပြမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့သက်ဆိုင်ပြီး အများအတွက်အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနဲ့ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**မင်းတုန်းမြို့နယ်အတွင်းရှိ တိမ်ကောနေသော မင်းတုန်းချောင်းတစ်လျှောက် ရေလမ်းကြောင်းဖော်ဖြူးရေးအတွက် တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဒီကနေ့ကျွန်မမေးမယ့်မေးခွန်းကတော့ မင်းတုန်းမြို့နယ်အတွင်းရှိ တိမ်ကောနေသော မင်းတုန်းချောင်းကို ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကြမ်းပြင်ကို နစ်တူးပေးရန်နှင့် ရေလမ်းကြောင်းကို ဖော်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ မင်းတုန်းမြို့နယ်က မြေပုံပဲ ဖြစ်ပါတယ်။ အစိမ်းရောင်လိုင်းလေးဟာဆိုလို့ရှိရင် မင်းတုန်းမြို့နယ်အတွင်းစီးဆင်းနေတဲ့ မင်းတုန်းချောင်းပုံပဲ ဖြစ်ပါတယ်။ အပြာရောင်လိုင်းလေးဟာဆိုရင် မင်းတုန်းမြို့နယ်အတွင်းစီးဆင်းနေတဲ့ အခြားချောင်းတွေရဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီချောင်းတွေက နွေရာသီမှာ ရေစီးဆင်းမှုနည်းသော်လည်း မိုးရာသီမှာ ဆိုးရွားတဲ့ ရေကြီးရေလျှံခြင်းများကို နှစ်စဉ်ဖြစ်ပေါ်စေပါတယ်။ ချောင်းကြမ်းပြင်မြင့်တက်လာတဲ့အတွက် မိုးရာသီမှာ ရေကြီးရေလျှံဖြစ်ပေါ်စေပါတယ်။ ရေကြီးရေလျှံဖြစ်လာပါက တောင်သူများ စိုက်ပျိုးထားသော စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးရခြင်း၊ လမ်းများပျက်စီး၍ သွားလာရခက်ခဲခြင်း၊ ပြည်သူများရေဘေးဒုက္ခနှင့်ကြုံရခြင်း၊ ကမ်းပါးပြိုကျပြီး ကျေးရွာများကို အန္တရာယ်ပြုခြင်းစတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်စေပါတယ်။ ဒါကတော့ မင်းတုန်းမြို့ကို ကွေ့ဝိုက်စီးဆင်းနေတဲ့ မင်းတုန်းချောင်းပုံပဲ ဖြစ်ပါတယ်။ အနီရောင်ပွိုင့်လေးဟာ ပုသိမ်-မုံရွာလမ်းပေါ်ရှိ မင်းတုန်းချောင်းကူးတံတားပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ မိုးရာသီမှာ မင်းတုန်းချောင်းရေကြီးရေလျှံဖြစ်နေပြီး မင်းတုန်းမြို့ရဲ့အနိမ့်ပိုင်းရပ်ကွက်တွေအထိ ရေလျှံနေတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ ပုသိမ်-မုံရွာလမ်းပေါ်ရှိ မင်းတုန်းချောင်းကူးတံတား အမှတ်(၃၇)နှင့်အပြိုင် စီးဆင်းနေတဲ့ တံတားရဲ့မြေထိန်းနံရံကို အန္တရာယ်ပြုနေတဲ့ပုံပဲ ဖြစ်ပါတယ်ရှင်။ ဒါကတော့ ကျေးရွာလူနေအိမ်များကို အန္တရာယ်ပြုနေတဲ့ပုံပဲ ဖြစ်ပါတယ်။ လွန်ခဲ့သောနှစ်အနည်းငယ်ကျေးရွာတစ်ရွာဟာ ကမ်းပါးပြိုပြီး ရွာအလိုက်ပြောင်းရွှေ့ခဲ့ရဖူးပါတယ်။ ကျေးရွာများကို အန္တရာယ်ပြုလာသောကြောင့် ကျေးရွာများမှ မြေထိန်းနံရံပြုလုပ်ပေးဖို့ တောင်းဆိုထားတာ ၅၇ ရွာရှိပါတယ်။ ဒီလိုအခြေအနေတွေကို ကျော်လွှားနိုင်ဖို့ဆိုရင် အဓိကချောင်းကြမ်းပြင်မြင့်တက်ခြင်းကို နစ်တူးပေးဖို့နဲ့ ရေလမ်းကြောင်းပြောင်းပေးဖို့ အဓိကလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အခုလို နွေရာသီရေနည်းချိန်မှာ အချိန်မီပြုလုပ်ပေးနိုင်ပါရန် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း

တောင်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၏ မင်းတုန်းမြို့နယ်အတွင်းရှိ တိမ်ကောနေတဲ့ မင်းတုန်းချောင်းတစ်လျှောက် ရေလမ်းကြောင်း ဖြောင့်ဖြူးရေးအတွက် တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတုန်းချောင်းဟာဆိုရင် ရခိုင်ရိုးမမှ ချောင်းဖျားခံပြီးတော့ ကံမမြို့အထက်ဘက်မှ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်တဲ့ချောင်းဖြစ်ပါတယ်။ တောင်ကျချောင်းရေဖြစ်ခြင်းကြောင့် ရေစီးသန်ပြီး ရေစီးထုထည်များသောချောင်းလည်း ဖြစ်ပါတယ်။ ချောင်းတစ်လျှောက် ကွေ့ကောက်စီးဆင်းမှုကြောင့် ကျေးရွာအချို့နှင့်စိုက်ပျိုးမြေများ ရေတိုက်စားမှုနှစ်စဉ်ခံစားရခြင်းလည်း အမှန်ပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ မင်းတုန်းချောင်းဟာ မိုးရာသီရေများချိန်မှာသာ ရေထုထည်မြင့်မားစွာစီးဆင်းပြီး ကျန်ကာလများမှာ ရေအနည်းငယ်သာ စီးဆင်းပါတယ်။ မင်းတုန်းချောင်းတံတားရဲ့ရေလမ်းကြောင်းဟာဆိုရင်လည်း ချောင်းရေထုထည်မြင့်မားစွာစီးဆင်းချိန်မှာ ကမ်းကပ်ခုံနှစ်ခုကြားရှိ ရေလယ်တိုင်များအတွင်းမှာ ရေစီးကြောင်းဟာ သာမန်ချောင်းဖြတ်ပိုင်းများ၌ရှိတဲ့ ပမာဏထက်ပိုလေ့ရှိတာကို တွေ့ရှိခဲ့ရပါတယ်။ ရေထုထည်ပမာဏကျဆင်းပြီးချိန်၌ တံတားရဲ့နောက်ကျောဘက် ရေလမ်းအတွင်းမှာ ရေမွှာပေါက်များ ဖြစ်ပေါ်ပြီးတော့ သဲနုန်းပို့ချမှုများရှိတဲ့အတွက် ကမ်းပါးတိုက်စားခံရမှု၊ ရေလမ်းကြောင်းပြောင်းလဲမှု၊ ချောင်းကြမ်းပြင်နှင့် ရေမျက်နှာပြင်အနိမ့်အမြင့်ပြောင်းလဲမှုများစတာတို့ ဖြစ်ပေါ်လာတာကို လေ့လာတွေ့ရှိရပါတယ်။ မိုးရာသီ ချောင်းရေများချိန်မှာ တံတားရဲ့မြစ်ညာဘက်(အထက်ဘက်)ရေလမ်းကြောင်း ပြောင်းလဲခြင်းကြောင့် ၄ ပုံသဏ္ဍာန်ချောင်းကွေးများ ဖြစ်ပေါ်ပြီးတော့ ဘူးတောင်းကျေးရွာနှင့် အဆိုပါကျေးရွာဘက်ခြမ်းရှိ မင်းတုန်းမြို့ဆက်သွယ်ရေးကားလမ်း၊ တောင်ဖီလာကျေးရွာနှင့် အဆိုပါကျေးရွာဘက်ခြမ်းရှိ ပုသိမ်-မုံရွာကားလမ်းတို့ကို ရေဦးထိုးတိုက်စားကမ်းပြိုမှုခံရခြင်းများ ဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီလို ရေဦးထိုးတိုက်စားကမ်းပြိုမှုများ သက်သာစေဖို့အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံးကနေပြီးတော့ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အခွန်ဝေစုရန်ပုံငွေမှ ကျပ် ၂၀၀.၆၃၈ သန်းဖြင့် မင်းတုန်းချောင်း တံတားရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံမှာကတော့ မင်းတုန်းချောင်းတံတား ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေအတွက် ဆောင်ရွက်ခဲ့တဲ့ ကမ်းထိန်းနှင့်ရေလွှဲရေကာလုပ်ငန်း ၁၁ ခုနှင့် ဖြတ်မြောင်းတူးခြင်းလုပ်ငန်း လေးခု စုစုပေါင်း လုပ်ငန်းအမျိုးအစားပေါင်း ၁၅ ခုရဲ့အစီအမံတွေကို တင်ပြထားတာဖြစ်ပါတယ်။ အဝါရောင်ခြယ်ထားတဲ့ဟာကတော့ ဖြတ်မြောင်းတူးထားတဲ့နေရာတွေဖြစ်ပြီး အစိမ်းရောင်ခြယ်ထားတဲ့နေရာ ၁၁ ခုကတော့ ကမ်းထိန်းနှင့် ရေလွှဲရေကာလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့နေရာများကို ပြထားတာဖြစ်ပါတယ်။ ဒီဟာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို မင်းတုန်းချောင်းက သဲသောင်တွေပေါ်ထွန်းမှု၊ ရေကြမ်းပြင်မြင့်တက်မှုကြောင့် လမ်းကြောင်းပြောင်းလဲပြီးတော့ ၄ ပုံသဏ္ဍာန်အကွေးဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဟာကတော့ အခုနကမြေပုံမှာတင်ပြထားတဲ့ ဘူးတောင်းကျေးရွာဘက်ခြမ်းမှာဆောင်ရွက်ခဲ့တဲ့ ရေလွှဲရေကာလုပ်ငန်း ခုနစ်ခုနှင့် လုပ်ငန်းတစ်ခုချင်းစီရဲ့တန်ဖိုးများကို တင်ပြထားခြင်း ဖြစ်ပါတယ်။ တောင်ဖီလာရွာဘက်ခြမ်းမှာ ဆောင်ရွက်ခဲ့တဲ့ ရေလွှဲရေကာလုပ်ငန်း လေးခုနှင့် တံတားအထက်ဘက်နှင့်အောက်ဘက် ဖြတ်မြောင်းတူးခြင်းလုပ်ငန်း ၄ ခုတို့ရဲ့ တစ်ခုချင်းစီလုပ်ငန်းတန်ဖိုးတွေကို တင်ပြထားခြင်း ဖြစ်ပါတယ်။ စုစုပေါင်းလုပ်ငန်း ၁၅ ခုအတွက် စုစုပေါင်းလုပ်ငန်းတန်ဖိုးကျပ် ၂၀၀.၆၃၈ သန်းဖြစ်ပါတယ်။ အခုတင်ပြတဲ့ပုံတွေကတော့ ဘူးတောင်းကျေးရွာဘက်ခြမ်းမှာ ဆောင်ရွက်ထားတဲ့ ကမ်းထိန်းလုပ်ငန်းများနှင့် တောင်ဖီလာကျေးရွာဘက်ခြမ်း ဆောင်ရွက်ထားတဲ့ ကမ်းထိန်းလုပ်ငန်းများနှင့် ရေလွှဲရေကာတည်ဆောက်ခြင်းလုပ်ငန်းများရဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ တံတားအထက်ဘက် ဘူးတောင်းကျေးရွာဘက်ခြမ်းမှာ ၄ ပုံသဏ္ဍာန် ချောင်းကွေးများဖြစ်ပေါ်နေမှုကို ရေလမ်းကြောင်းဖြောင့်တန်းစွာစီးဆင်းနိုင်ရေးအတွက် တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းမှတ်တမ်းဓာတ်ပုံများ တင်ပြထားခြင်းဖြစ်ပါတယ်။ ရေလမ်းထိန်းအစီအမံတွေ ဆောင်ရွက်ပေးမှုကြောင့် မင်းတုန်းချောင်းရေဟာ မူလက ဘူးတောင်းကျေးရွာဘက်ကနေ စီးဆင်းခဲ့ရာမှ ယခုအခါ လက်ရှိမြစ်ရေကျချိန်မှာ တူးဖော်ထားတဲ့ ဖြတ်မြောင်းတစ်လျှောက် စီးဆင်းလာပြီး တံတားအဝင်ရေလမ်းဖြောင့်တန်းလာမှုအခြေအနေ၊ ဘူးတောင်းကျေးရွာဘက်ခြမ်းနှင့် တောင်ဖီလာကျေးရွာဘက်ခြမ်းမှာ ရေတိုက်စားမှုများ သက်သာလာပြီး သဲသောင်များ ကျဆင်းလာမှုစသည့်တို့ တိုးတက်ဖြစ်ပေါ်လာတဲ့အခြေအနေတွေကို အခုပုံများနှင့် ကျွန်တော်တို့ တင်ပြအပ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့သည့်အတိုင်း မင်းတုန်းချောင်းတံတား ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် တံတားအဝင်ရေလမ်းဖြောင့်တန်းပြီး ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်ရှိ မင်းတုန်းချောင်းတံတားနှင့် တံတားချဉ်းကပ်လမ်းကို ရေဦး တိုက်စားမှုမှ ကာကွယ်နိုင်ခြင်းနှင့် ဘူးတောင်းကျေးရွာနှင့် တောင်ဖီလာကျေးရွာတို့ကို ရေတိုက်စား ကမ်းပြိုမှုမှ ကာကွယ်နိုင်ခြင်းစတဲ့ အကျိုးရလဒ်များ ရရှိခဲ့ပါသဖြင့် လတ်တလောအနေဖြင့် မင်းတုန်းချောင်းအတွင်း သောင်တူးဖော်ရန် အစီအစဉ်မရှိပါကြောင်းနှင့် လက်ရှိဖြစ်ပေါ်တိုးတက် လာသည့်ရေလမ်းအခြေအနေကို ထိန်းသိမ်းနိုင်ရေးအတွက် တည်ဆောက်ပြီး ရေကာတွေကို စွမ်းအား မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်း မေးခွင့် ပြုပါရှင်။ အခုလို ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ပုသိမ်-မုံရွာလမ်းက တံတားအမှတ်(၃၇) ထိပ်နားလေးမှာ ရေလမ်းကြောင်းလွှဲထားတာကို သိပါတယ်။ အဲဒါလွှဲထားပါပြီ။ ဒါပေမဲ့လို့ အဲဒီ ရေလမ်းကြောင်းလွှဲထားတဲ့အခြေအနေလောက်နဲ့ မရနိုင်ဘူးဆိုတာကို ကျွန်မတို့နယ်မြေခံတွေ သိပါ တယ်။ ပြီးတော့ အဲဒီဘူးတောင်းကျေးရွာရဲ့အထက်မှာ မြစ်ရွာကိုင်း၊ သစ်ဆိမ့်ပင်၊ ဟိုဘက်မှာဆိုလို့ ရှိရင် ပြောင်းပြာ၊ ရှမ်းရွာ၊ ကူဖြူ ပေါက်ကိုင်းရွာတွေဟာ တော်တော်လေးကို အန္တရာယ်ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်မဆိုလိုတာက ဒီချောင်းတစ်လျှောက်ကို တူးပေးဖို့ဆိုလို့ရှိရင် အလွန်အင်မတန်ခက်ခဲ တယ်ဆိုတာကို ကျွန်မသိပါတယ်။ ဒါပေမဲ့ လိုအပ်တဲ့နေရာလေးတွေကို အဖြတ်လိုက်၊ အဖြတ်လိုက် တူးပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို သိရှိလိုတဲ့အတွက် တစ်ဆက်တစ်စပ်မေးခွန်း မေးရခြင်းဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက် ပြီးတော့ မေးသင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာဆိုရင် ရေလမ်းကောင်းမွန်ရေးနှင့်

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့က ပြည်ထောင်စုရန်ပုံငွေကနေ သုံးစွဲသလို ကမ်းပြိုကာကွယ်ရေးကိစ္စတွေမှာလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးရန်ပုံငွေထဲက သုံးစွဲရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တစ်နိုင်ငံလုံးမှာ ကမ်းပြိုမှုတွေ၊ ရေကြီးမှုတွေ ဖြစ်နေတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ရန်ပုံငွေရရှိမှုအခြေအနေအပေါ်မူတည်ပြီးတော့ ဦးစားပေးအခြေအနေ၊ ဦးစားပေးအစီအစဉ်နဲ့ ကျွန်တော်တို့က ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းလည်း ကျွန်တော်တို့က သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကလည်း ဒီအတိုင်းတော့နေမှာမဟုတ်ပါဘူး။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတွေကနေဆိုရင် ဒေသမှာ အမြဲတစေ စူးစမ်းလေ့လာပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ အမြဲလေ့လာနေပါတယ်။ လောလောဆယ် အစီအစဉ်မရှိသေးပေမဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို မင်းတုန်းချောင်း သောင်တူးဖို့ကိစ္စကိုတော့ ကျန်တဲ့အရေးကြီးတဲ့ကမ်းပြိုကာကွယ်မှုလုပ်ငန်းတွေ ဦးစားပေးအစီအစဉ်အရ တိုင်းဒေသကြီး/ပြည်နယ်နှင့်ညှိနှိုင်းပြီးတော့ ဆက်လက်လေ့လာဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးရန် ၂၀၁၉ မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ်၊ သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးရန် ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကဒစ်တန်းများ တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသောမေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း စစ်တောင်းမြစ်ရေ ရေကြီးရေလျှံမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ စစ်တောင်းမြစ်ရေ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ကမ်းပြိုကျမှုများ မြစ်တလျှောက်နေရာအနှံ့အပြားမှာ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုဖြစ်စဉ်များထဲမှာ ကျောက်ကြီးမြို့နယ် ဒိုးတန်းရွာနှင့် နွယ်တန်းရွာတို့ကို ဦးတိုက်ဖြတ်လျက် ပြိုကျမည့်အခြေအနေများ ဖြစ်ပေါ်နေပါသဖြင့် ကျေးရွာသူကျေးရွာသားများ အလွန်စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်ခင်ဗျား။ ဒိုးတန်းကျေးရွာ၏ အရှေ့ဘက်တွင် အင်းတစ်ခုရှိပြီးတော့ အကယ်၍သာ ၂၀၁၉ ခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုထပ်ဖြစ်မည်ဆိုပါက ကမ်းပြိုပြီးတော့ အရှေ့ဘက်အင်းထဲသို့ ရေများစီးဝင်ရောက်ကာ ဒိုးတန်းရွာ၊ သာစည်ရွာ၊ အင်ကြင်းကုန်းကျေးရွာများကို ရေမြုပ်နိုင်ဖွယ်ဖြစ်ပါတယ်ခင်ဗျား။ ထိုအခြေအနေကို သိရှိစေရန်အတွက် ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာနှင့်အတူ ကွင်းဆင်းတိုင်းတာတွက်ချက်မှုများ ပြုလုပ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား အကာအကွယ်ပေးပါရန် ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကာဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၏ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပါးပြိုကျမှုများအား ကာကွယ်ပေးရန် ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ ကမ်းထိန်းတန်းနှင့် ရေလွှဲကာဒစ်တန်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာနှင့် နွယ်တန်းကျေးရွာ ကမ်းပြိုမှုအခြေအနေကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၃) ပဲခူးတိုင်းဒေသကြီးရုံးမှ ၁၈-၁-၂၀၁၉ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုပါ ကွင်းဆင်းစစ်ဆေးချက်များအရ ဒိုးတန်းကျေးရွာသည် စစ်တောင်းမြစ်ရဲ့ မြစ်ကွေး၏ အပြင်ဘက်ခြမ်းမှာတည်ရှိနေပြီး ရေနက်ကြောင်းဟာ ကမ်းရင်းမှ စီးဆင်းနေမှုနှင့်တစ်ဘက်ကမ်းမှာ သဲသောင်ဖြစ်ထွန်းမှုတို့ကြောင့် ဒိုးတန်းကျေးရွာဘက်ကမ်းတွင် အလျား ၁၁၀၀ မီတာခန့် ကမ်းပြိုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အနီရောင်မျဉ်းကြောင်းလေးနဲ့ တင်ပြထားပါတယ်။ ဒိုးတန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးအစီအမံများအနေဖြင့် သဲစုပ်သောင်တူးလုပ်ငန်း အလျား ၄၈၅ မီတာနှင့် တူးလိုင်းအထောက်အကူပြု နှစ်တန်းသွားမျောကျောက်ဖြည့် ရေလွှဲရေကာ ၇၅ မီတာတို့ကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ခန့်မှန်းစရိတ်မှာ ကျပ် ၄၅ သန်းဖြစ်ကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

နွယ်တန်းကျေးရွာကလည်း အတူတူပါပဲ။ စစ်တောင်းမြစ်ရဲ့ မြစ်ကွေးအပြင်ဘက်ခြမ်းမှာတည်ရှိနေပြီး ရေနက်ကြောင်းဟာ ကမ်းရင်းမှစီးဆင်းလျက်ရှိပြီးတော့ တစ်ဘက်ကမ်းမှာ သဲသောင်ဖြစ်ထွန်းမှုကြောင့် နွယ်တန်ကျေးရွာဘက်ကမ်းမှာ အလျားမီတာ ၈၀၀ ခန့် ကမ်းပြိုမှုဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါတယ်။ နွယ်တန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးအစီအမံများအနေနဲ့ နှစ်တန်းသွားမျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာ ၇၂၅ မီတာနှင့် နှစ်တန်းသွားမျောတိုင်တန်းရေလွှဲရေကာ မီတာ ၅၀ x (၁၀) ခုတို့ကို ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်ကတော့ ကျပ်သန်း ၅၃၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးအစီအမံများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေမှာ တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူများအတွက် လုံခြုံရေးမည်သို့ဆောင်ရွက်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့အစည်းအဝေးမှာ မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာ့ရေပိုင်နက်အတွင်း အန္တရာယ်တွေ့ကြုံလာသူများအတွက် လုံခြုံရေးမည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကိုသိလို၍ မေးမြန်းရတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ကမ်းရိုးတန်းအရှည်ဟာ ရခိုင်ကမ်းရိုးတန်း ၄၄၃ မိုင်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကမ်းရိုးတန်း ၂၇၂ မိုင်၊ တနင်္သာရီကမ်းရိုးတန်း ၆၇၀ မိုင် စုစုပေါင်း အရှည်အားဖြင့် ၁၃၈၅ မိုင် ရှည်လျားကြောင်းသိရပါတယ်။ ဒါ့အပြင် မြန်မာ့ပိုင်နက်ပင်လယ်ရှိ ကျွန်းပေါင်း ၁၀၀၀ ကျော်ရှိတယ် လို့သိရပါတယ်။ မြန်မာ့ပိုင်နက်ပင်လယ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင် ဆက်စပ်ဇုန်မှာလည်း ပိုင်နက်ပင်လယ်၏ ပြင်ပမှာရှိပြီးတော့ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်။ ဒါ့အပြင် သီးသန့်စီးပွားရေးဇုန်မှာလည်း ပိုင်နက်ပင်လယ်ပြင်မှာရှိပြီး အခြေခံမျဉ်းမှ မိုင် ၂၀၀ ထိ ကျယ်ဝန်းကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုတစ်ခုတည်းမှာပင် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၈၀၀ ကျော်ရှိပါတယ်။ ယခုအခါမှာ နယ်မြေအေးချမ်းလာတဲ့အတွက်ကြောင့် ကျွန်းအချို့၌ ဟိုတယ်များဆောက်လုပ်ထားပြီးတော့ အဲဒီဟိုတယ်များသို့ ပြည်သူများသွားရောက်လည်ပတ်အပန်းဖြေလျက်ရှိကြောင်း သိရပါတယ်။ အဲဒီလို ကျွန်းတွေကို သွားရောက်အပန်းဖြေတဲ့အခါမှာ ရွက်လှေစီးခြင်း၊ အရှိန်ပြင်းမော်တော်ဘုတ်စီးခြင်း၊ လေဟုန်စီးခြင်းစသည့် ကျွန်းကြီး၊ ကျွန်းငယ်တို့အကြား လှည့်ပတ်သွားလာလေ့ရှိကြောင်းလည်း သိရပါတယ်။ တစ်ဖက်မှာလည်း မြန်မာ့ပင်လယ်ပြင်တွင် လူမှောင်ခိုကူးခြင်း၊ တရားမဝင်ငါးခိုးဖမ်းခြင်း၊ မူးယစ်ဆေးဝါးမှောင်ခိုသယ်သူယူခြင်း၊ အချို့ကျွန်းများပေါ်တွင် တရားမဝင်ဝင်ရောက်နေထိုင်ခြင်းစသည့် ရာဇဝတ်မှုများလည်းရှိသည်ကို သိရပါတယ်။ တရားဝင်ငါးဖမ်းလုပ်သူများ၊ ရေလုပ်သားများနှင့် အနားယူအပန်းဖြေ သွားလာ

ကြသည့် ပြည်သူများအတွက် မြန်မာ့ပိုင်နက်ပင်လယ်တွင် အကယ်၍ အန္တရယ်တစ်စုံတစ်ခု ကြုံလာပါက ရှာဖွေကယ်ဆယ်ရေးပြုလုပ်ရန် အဖွဲ့အစည်းမရှိသေးကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးမီက ဩဂုတ်လ ၂၉ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံပိုင် သင်္ဘောတစ်စီးအား ကုန်တင်ယာဉ်သင်္ဘော ကုန်ပစ္စည်းတော့မရှိပါဘူး။ သုံးခွမြို့နယ်၊ သမစိတ္တရွာတရွာအနီးမှာလာပြီးတော့ သောင်တင်ခဲ့ပါတယ်။ အဲဒီသင်္ဘောက အခုအချိန်မှာနစ်မြုပ်သွားခဲ့ပါတယ်။ အဲဒီကိစ္စအတွက် ကျွန်တော်တို့ ဘယ်လိုအရေးယူထားလဲဆိုတာကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ မြန်မာကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၇၃ အရေးယူထားတယ်လို့ သိရပါတယ်။ အဲဒီပုဒ်မကို ကျွန်တော်လေ့လာတဲ့အခါကျ အင်မတန်ကိုမှ process တွေများတဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံအတွက်အများကြီးငွေကြေးကုန်ကျမှာဖြစ်ပါတယ်။ ဒါဟာလည်းပဲ ကမ်းခြေစောင့်တပ်မျိုးမရှိတဲ့အတွက်ကြောင့် ကမ်းခြေအနီးကိုဝင်လာခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဘိတ်မြို့မှာရှိတဲ့ ခရီးသည်တင် အလည်သွားတဲ့ Speed boat တစ်စီးဟာလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ နှစ်နှစ်ရီခန့်မှာ နစ်မြုပ်သွားခဲ့ကြောင်း သိရပါတယ်။ အဲဒီမှာ အမျိုးသမီးနှစ်ဦးသေပြီးတော့ သေတဲ့နေရာမှာ ကျွန်တော်တို့ဘိတ်မြို့က ကယ်ဆယ်ရေးအဖွဲ့တွေက သွားရောက်ကယ်တင်ကြတယ်လို့ သိရပါတယ်။ ဒ့ါကြောင့်မို့လို့ အထက်ပါမေးခွန်းကို ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ မြန်မာ့ရေပြင်ပိုက်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူများအတွက် လုံခြုံရေးမည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းစပ်ညှိနှိုင်းခဲ့သည့်ဝန်ကြီးဌာနသုံးခုရဲ့ ရှင်းလင်းဖြေကြားချက်များကို ပြည့်စုံစွာထည့်သွင်းတင်ပြနိုင်ရေးအတွက် အချိန်ပိုခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် မြန်မာ့ရေပြင်ပိုက်နက်ဖြစ်တဲ့ ပင်လယ်ပြင်အတွင်းပိုင်းရေပြင်၊ ပိုက်နက်ပင်လယ်ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်တို့အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်ရန်၊ ဘေးဒုက္ခရောက်ရှိနေသူများကို ကယ်ဆယ်နိုင်စွမ်းရှိရန်၊ ရေကြောင်းသွားလာလုပ်ကိုင်နေသူများနှင့် ရေကြောင်းအကျိုးစီးပွားလုပ်ငန်းများအတွက် လုံခြုံမှုရရှိစေရန်ဆောင်ရွက်ရန်ဟူ၍ ရည်မှန်းချက်တာဝန်(၃)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် အဆိုပါရည်မှန်းချက်တာဝန်(၃)ရပ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ဝမ်ပုံ၊ ကျောက်ဖြူ၊ စစ်တွေ၊ ပုသိမ်၊ မြိတ်နှင့် ကော့သောင်းမြို့တွေမှာ ရုံးတွေအသီးသီးဖွင့်လှစ်၍ အရာရှိနှင့်အခြားအဆင့် စုစုပေါင်းအင်အား ၆၇၇ ဦး၊ ကမ်းရိုးတန်းသွား ကင်းလှည့်ရေယာဉ်၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ်နှင့် အမြန်သွားကင်းလှည့်ရေယာဉ်ငယ် စုစုပေါင်း ရေယာဉ် ၃၁ စီးတို့ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှာ ရေကြောင်းရဲတပ်ဖွဲ့ဝင်အရာရှိနှင့် အခြားအဆင့် စုစုပေါင်း ၄၂ ဦးဟာ ကမ်းရိုးတန်းသွား ကင်းလှည့်ရေယာဉ်တစ်စီး၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ်တစ်စီး၊ အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စီးတို့ဖြင့် ပါချန်မြစ်ကြောင်းနှင့် ပင်လယ်ဝလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ လူ၊ လက်နက်၊ မူးယစ်ဆေးဝါးမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး၊ နိုင်ငံခြားသားများဝင်/ထွက်သွားလာရာ၌ လုံခြုံမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)မှာတော့ တပ်ဖွဲ့ဝင်အရာရှိနှင့် အခြားအဆင့်စုစုပေါင်း ၂၅ ဦးဟာ ကမ်းရိုးတန်းသွားကင်းလှည့်ရေယာဉ်တစ်စီး၊ အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စီးတို့ဖြင့် မြိတ်မြို့အနီးပတ်ဝန်းကျင်ရေပြင်တစ်လျှောက်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူတွေကို ရေကြောင်းရဲတပ်ဖွဲ့သို့ ဆက်သွယ်သတင်းပို့နိုင်ရန်အတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များ (အလျား ၈ ပေ x အနံ ၆ ပေ)ရှိ ဗွီနိုင်းဆိုင်းဘုတ်များအား လူစည်ကားရာနေရာများနှင့် ဆိပ်ကမ်းနယ်မြေများမှာ စိုက်ထူးထားပြီးဖြစ်တဲ့အပြင် ရေကြောင်းသွားလာရေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများနှင့် ရေယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ပါက ဖြစ်ပွားနေရာနှင့် အနီးကပ်ဆုံးဖြစ်သည့်နေရာများမှာ အခြေပြုလျက်ရှိတဲ့

ရေကြောင်းတပ်ဖွဲ့များမှ ရေယာဉ်များအနေဖြင့် တပ်ဖွဲ့ဝင်ရေယာဉ်မှူးများဦးဆောင်၍ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်(ရေ)အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက်စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ရာနေရာများသို့ လူသားချင်းစာနာထောက်ထားမှုကူညီပေးရေးစတဲ့ လုပ်ငန်းတာဝန်များကို စစ်ရေယာဉ်များဖြင့် သက်ဆိုင်ရာစစ်ဆင်ရေးရေပြင်ဧရိယာများအလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးပေါင်းစပ်ညှိနှိုင်းကွပ်ကဲမှုဌာနချုပ်ကို ဖွင့်လှစ်၍ သက်ဆိုင်ရာရေကြောင်းသွားလာရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍လည်းကောင်း၊ ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကို စင်ကာပူနိုင်ငံရှိ သတင်းအချက်အလက်ဖလှယ်ရေးဌာန(Information Fusion Center)နှင့်ချိတ်ဆက်၍လည်းကောင်း၊ မြန်မာ့ပင်လယ်ပြင်လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်နေတဲ့ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ကျွန်းများသို့ သွားလာလည်ပတ်နေတဲ့ အပန်းဖြေစက်တပ်ရွက်လှေခရီးစဉ်များကို ဆက်စပ်ရေပြင်ဧရိယာများအလိုက် စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ စစ်ရေယာဉ်များမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သတင်းကွန်ရက်ချိတ်ဆက်၍ ၎င်းရေယာဉ်များရဲ့ လုံခြုံရေးအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ဌာနချုပ်အလိုက်သီးသန့်တာဝန်ပေးအပ်ထားတဲ့ ရှာဖွေကယ်ဆယ်ရေးရေယာဉ်များဖြင့် လိုအပ်တဲ့ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တပ်မတော်(ရေ)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် ယနေ့အထိ ကာလအတွင်း ပင်လယ်ရေပြင်တွင် ဘေးဒုက္ခကြုံတွေ့ခဲ့ရသော ရေယာဉ်ကြီးများ၊ ရေလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ လှေ၊ ရေယာဉ်များအား ကူညီဆောင်ရွက်ပေးနိုင်မှုအနေဖြင့် ကယ်ဆယ်ခဲ့တဲ့ အကြိမ်ရေ ၁၀၈ ကြိမ်နဲ့ ကယ်ဆယ်ခဲ့တဲ့ လူဦးရေ ၂၇၆၉ ဦးဖြစ်ပြီး တနင်္သာရီကမ်းရိုး

တစ်လျှောက်အပန်းဖြေစက်တပ်ရွက်လှေခရီးစဉ်များကို စုစုပေါင်း ၁၉၃၇ ကြိမ် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်ပေးခဲ့နိုင်ပါတယ်။

အထက်ပါ ဆောင်ရွက်ခဲ့မှုများအပြင် တပ်မတော်(ရေ)အား မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း ပြည်တွင်း၊ ပြည်ပငါးခိုးလှေများ၊ မိုင်းခွဲလှေများ၊ စည်းကမ်းပျက်ငါးလှေများ၊ မူးယစ်ဆေးဝါး သယ်ဆောင်လှေများ၊ သစ်ခိုးလှေများ၊ လူကုန်ကူးလှေများ၊ တရားမဝင်ဆီတင်လှေများ၊ ကျွဲ၊ နွား၊ ဆိတ် မှောင်ခိုလှေများနှင့် တရားမဝင်စက်တပ်၊ လက်ခတ်လှေများ စုစုပေါင်းလှေ ၇၄၄ စီးကို မြန်မာတရားခံ ၃၂၆၉ ဦးနှင့် နိုင်ငံခြားသားတရားခံ ၁၅၉၈ ဦး စုစုပေါင်း ၄၈၆၇ ဦးတို့နှင့်အတူ ဖမ်းဆီးပေးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတန်ဖိုးမှာ ကျပ်ဘီလီယံ ၂၂၀ ကျော် ဖြစ်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် သွားလာ နေတဲ့အပန်းဖြေစက်တပ်ရွက်လှေခရီးစဉ်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေတဲ့ကျွန်းများ မှာရှိတဲ့ အပန်းဖြေပြည်သူများနှင့် ရေလုပ်သားများရဲ့လုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ပေးရေးအပါအဝင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ပင်လယ်ဓားပြရန် ကာကွယ်ရေး၊ ကုန်သွယ်ရေလမ်းကြောင်းများ၊ ရေယာဉ်နှင့်ဆိပ်ကမ်းများ ဘေးကင်းလုံခြုံရေး၊ ရေကြောင်းမတော်တဆမှုများ စုံစမ်းစစ်ဆေးရေး၊ ပင်လယ်ပြင်ရှိ စွမ်းအင်သယံဇာတနှင့် ငါးလုပ်ငန်း စတဲ့ ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ရေထုညစ်ညမ်းမှုကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ ရေကြောင်း နယ်နိမိတ်စောင့်ကြပ်ကြည့်ရှုရေးစသည်တို့က အမှန်ကတယ်တော့ ကမ်းခြေစောင့်တပ်ဖွဲ့များရဲ့ အဓိက ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာ လက်ရှိအချိန်ထိ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသေးတဲ့အတွက် မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ် ကြုံတွေ့လာသူများအတွက် လုံခြုံရေးဆောင်ရွက်ပေးခြင်းများအပါအဝင် ကမ်းခြေစောင့်တပ်ဖွဲ့ရဲ့ တာဝန်ဝတ္တရားများကို တပ်မတော်(ရေ)က လက်ရှိတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိ အချိန်မှာတော့ မြန်မာ့ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ကြုံတွေ့လာသူများအတွက် လုံခြုံရေးအပါ အဝင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးတာဝန်များကို တပ်မတော်(ရေ)မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်၍ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနဟာဆိုရင် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေတဲ့ ငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို စစ်ဆေးရေးစခန်းများမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များ ဝင်ရောက်ထွက်ခွာခြင်း၊ ပင်လယ်ပြင်မထွက်ခွာမီ ငါးဖမ်းကိရိယာ၊ ရေလုပ်သားများစစ်ဆေးခြင်း၊ သက်ဆိုင်ရာစုပေါင်းအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများရဲ့တာဝန်အလိုက်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပင်လယ်ပြင်ငါးဖမ်းကွက်ရှိ ငါးဖမ်း၊ ငါးသယ်ရေယာဉ်များ၊ ငါးလုပ်သားများအန္တရာယ်ကင်းရှင်းလုံခြုံစွာ လုပ်ငန်းလုပ်ကိုင်နိုင်ရန်နှင့်ရာသီဥတုဆိုးဝါးမှုအန္တရာယ်မှ ရှောင်ရှားခြင်း၊ ကျွန်းခိုရပ်နားခြင်းများဆောင်ရွက်နိုင်ရန် ရာသီဥတုခိုလှုံနိုင်ရန်နေရာများကို ရခိုင်ကမ်းရိုးတန်းမှာခုနစ်နေရာ၊ ဧရာဝတီနှင့်မွန်မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းမှာလေးနေရာနှင့် တနင်္သာရီကမ်းရိုးတန်းမှာလေးနေရာ သတ်မှတ်ပေးထားပြီး သဘာဝဘေးအန္တရာယ်ကျရောက်မည့်အခြေအနေ၊ ရာသီဥတုဆိုးဝါးမည့်အခြေအနေများနှင့် အရေးပေါ်အခြေအနေများကို ကမ်းရိုးဒေသတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများနှင့် ငါးဖမ်းရေယာဉ်များကို အများသုံးဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးစကားပြောစက်(SSB)စက်များ တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များနှင့် ရေလုပ်သားများ ပင်လယ်ပြင်ငါးဖမ်းကွက်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အန္တရာယ်ကြုံတွေ့ပါက နီးစပ်ရာငါးဖမ်း၊ ငါးသယ်ရေယာဉ်များနှင့် တပ်မတော်(ရေ)စစ်ရေယာဉ်များမှ ကူညီကယ်ဆယ်ခြင်းဖြင့် သက်ဆိုင်ရာစစ်ဆေးရေးစခန်းဆိပ်ကမ်းများသို့ ရောက်ရှိလာပါက ဒေသဆိုင်ရာအာဏာပိုင်များ၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပါဝင်တဲ့အဖွဲ့တို့မှ လိုအပ်တဲ့မေးမြန်းခြင်း၊ ယာယီနေထိုင်မှု၊ စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးစရိတ်များကူညီပေးပြီး နေရပ်ဒေသသို့ရောက်ရှိသည်အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တင်ပြဆောင်ရွက်မှုအရ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ၂၁-၂-၁၉၉၆ ခုနှစ်မှာ လက်ခံကျင့်သုံးခဲ့တဲ့ United Nations Convention on the Law of the Sea ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံ၏ တာဝန်တစ်ရပ်ဖြစ်တဲ့ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စီမံ

ဆောင်ရွက်ရန် အမျိုးသားအဆင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှူး၊ ကာကွယ်ရေးဦးစီးဌာနချုပ်ရုံး(ရေ)က အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်တဲ့ စီမံချက်ရေးဆွဲရေးလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီက ၁၉-၉-၂၀၁၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။

အဲဒီစီမံချက်ရေးဆွဲရေးလုပ်ငန်းအဖွဲ့အနေနဲ့ အမျိုးသားအဆင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးစီမံချက်မူကြမ်းကို ၂၀၁၁ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားရှာဖွေကယ်ဆယ်ရေးလက်စွဲစာအုပ်၏သတ်မှတ်ချက်များနှင့် နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဝေဟင်/ရေပြင်နှင့် မြေပြင်ချိတ်ဆက်၍ ဆောင်ရွက်နိုင်မည့်အစီအမံများ ထည့်သွင်း၍ အင်္ဂလိပ်/မြန်မာနှစ်ဘာသာနဲ့ ရေးဆွဲခဲ့ပါတယ်။ စီမံချက်မူကြမ်းအပေါ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များရယူပြီးနောက် အဆိုပါသဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြုစုထားတဲ့ စီမံချက်နောက်ဆုံးမူကြမ်းကို အတည်ပြုပေးနိုင်ရန် အမျိုးသားအဆင့်ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး စီမံချက်ရေးဆွဲရေးလုပ်ငန်းအဖွဲ့က မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီသို့ ၁၈-၁-၂၀၁၉ ရက်နေ့မှာ တင်ပြထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားအဆင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးစီမံချက်ကို အတည်ပြုပြီးသည့်အချိန်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားရှိသည့်ဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့် ရာသီဥတုဖောက်ပြန်သောဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၇-၁၂-၂၀၁၈ ရက်နေ့တွင်တင်သွင်းသွားတဲ့ ရာသီဥတုဖောက်ပြန်သောဒဏ်ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်နှစ်ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးစံဝင်းခိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဗိုလ်မှူးစံဝင်းခိုင် ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း တင်သွင်းထားတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုပြောင်းလဲမှုမြန်ဆန်လာခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် ရိုက်ခတ်ချက်က လူ့အဖွဲ့အစည်းနဲ့ပတ်သက်လို့ ပြောင်းလဲမှုတွေဖြစ်ပေါ်လာစေပြီး လာမယ့် ဆယ်စုနှစ်များအတွင်း ကြီးထွားလာတဲ့ ကမ္ဘာ့လူဦးရေကို စားနပ်ရိက္ခာအလုံအလောက် ကျွေးမွေးနိုင်ဖို့လိုအပ်လာလိမ့်မယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် နှစ်ပတ်လည်သိပ္ပံညီလာခံတစ်ရပ်မှာ သုတေသနပညာရှင်တွေက ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ဆယ်ပုံတစ်ပုံဟာ စားနပ်ရိက္ခာမလောက်ငှမှုတွေနဲ့ ရင်ဆိုင်နေရပြီး ကမ္ဘာ့လူဦးရေ တစ်ဘီလီယံကျော်ကလည်း စားနပ်ရိက္ခာမလုံလောက်မှုကြောင့် ဆင်းရဲငတ်မွတ်မှုခံစားနေရကြောင်း သိရှိရပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လမှ ဩဂုတ်လဆန်းအထိ ကောက်ယူထားတဲ့စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုတွေကြောင့် စိုက်ဧကပေါင်း ၁၂ သိန်းကျော်ရေကြီးနစ်မြုပ်ခဲ့ပြီး စပါးစိုက်ဧကသုံးသိန်းအပါအဝင် သီးနှံစိုက်ဧကလေးသိန်းခန့်ပျက်စီးခဲ့ရပြီး တောင်သူများရဲ့ဆုံးရှုံးမှုဟာ ကျပ်ဘီလီယံ ၄၀ ခန့်ရှိမှာ

ဖြစ်ပါတယ်။ တင်ပြပါဇယားအရ ၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက် ပျက်စီးမှုများအပေါ် ပြန်လည်စိုက်ပျိုးရန်ဖြန့်ဖြူးပေးခဲ့တဲ့ အရန်မျိုးစပါးစုစုပေါင်း ၅၈၇၉၂ တင်းသာရှိတဲ့အတွက် ပျက်စီးမှုအတိုင်းအတာနဲ့နှိုင်းယှဉ်ရင် လုံလောက်တဲ့အခြေအနေမျိုးမရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဘယ်လောက်ပဲကြိုးစားလုပ်လုပ် နှစ်တစ်နှစ်မှာ ရာသီဥတုဖျက်ဆီးခံလိုက်ရရင် နှစ်နှစ်၊ သုံးနှစ်နာလန်မထူနိုင်တော့ပါဘူး။ ဒါကြောင့် ဒီလိုအလားတူ အခြေအနေဆိုးတွေမှာ တောင်သူတွေရဲ့ဆိုးဝါးသွားနိုင်တဲ့ လူမှုစီးပွားဘဝတွေကို ကျားကန်ပေးနိုင်ဖို့ အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အရန်မျိုးရိက္ခာများကို အချိန်မီလုံလောက်စွာ ထောက်ပံ့ပေးနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရန်သီးနှံမျိုးစေ့များကို စနစ်တကျထိန်းသိမ်းသိုလှောင်ထားရှိနိုင်ဖို့ အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မျိုးစေ့ဘဏ်များကို မြို့နယ်များအဆင့်ထိ ထူထောင် သွားကြဖို့လည်း လိုအပ်မှာဖြစ်ပြီး အရေးပေါ်သုံးစွဲရန်ထားရှိရမယ့် အရန်မျိုးစေ့များအတွက်လည်း မရှိမဖြစ်လိုအပ်မှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ၂၀၀၈ ခုနှစ် မေလက ဧရာဝတီတိုင်းဒေသကြီးမှာ ကျရောက်ခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် စပါးစိုက်ဧရိယာဟက်တာ ၁.၇၅ ဘီလီယံဟာ ပင်လယ်ဆားငန် ရေလွှမ်းမိုးပျက်စီးသွားခဲ့ရပါတယ်။ ဆားငန်ရေဝင်တဲ့ စပါးစိုက်ဧရိယာမှာ စိုက်ပျိုးနိုင်ဖို့ ဆားငန်ဒဏ် ခံနိုင်သောစပါးမျိုးများကို မျိုးစေ့ဘဏ်မှ DOA နဲ့ပူးပေါင်းပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီးက စပါးမျိုးတော်တော်များများကို သဘာဝဘေးအန္တရာယ်မကျရောက်မီ မျိုးစေ့ဘဏ်မှ ကြိုတင်စုဆောင်းထားရှိမှုကြောင့် မျိုးများပျက်စီးပျောက်ဆုံးခြင်းဘေးမှ ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရန်ဆန်ထားရှိခြင်းရဲ့အဓိကရည်ရွယ်ချက်က တောင်သူလယ်သမားများ တွက်ခြေကိုက်တဲ့စပါးဈေးနှုန်းရရှိစေဖို့ဖြစ်ပါတယ်။ ဝယ်ယူသူမရှိလို့ စပါးဈေးထိုးကျမှုမှကာကွယ် ပေးနိုင်တာကြောင့် တောင်သူလယ်သမားများအတွက် တိုက်ရိုက်အကျိုးကျေးဇူးရရှိစေပြီး ဆန်ဈေး ကြီးချိန်မှာ သင့်တင့်မျှတတဲ့ဈေးနဲ့ ထုတ်ရောင်းပေးနိုင်တာကြောင့် စားသုံးသူပြည်သူများကိုပါ အကျိုး ကျေးဇူးရရှိစေမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်က ထိုင်းနိုင်ငံမှာတောင်သူများရဲ့စိုက်ပျိုးထုတ်လုပ်မှုစရိတ် မြင့်မားခဲ့မှုကို ကာမိစေဖို့ ထိုင်းအစိုးရက စပါးဈေးကို ပေါက်ဈေးထက်ပိုမိုပေးဝယ်ခဲ့ပြီး ဝယ်ယူ သိုလှောင်ထားတဲ့အရန်ဆန်တွေကို ကမ္ဘာ့ဈေးကွက်မှာ ဈေးနှုန်းအဆမတန်လျှော့ချရောင်းခဲ့မှုအပေါ်

ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့တဲ့ ပြိုင်ဘက်နိုင်ငံများဖြစ်ကြတဲ့ ဗီယက်နမ်နှင့်အိန္ဒိယတို့ကပါ အပြိုင် လျှော့ချပြီးရောင်းချခဲ့ကြတာကြောင့် ပြည်တွင်းမှာဈေးမြင့်နေတဲ့ မြန်မာ့ဆန်များ ပြည်ပသို့တင်ပို့ ရောင်းချနိုင်ရေး အခက်အခဲကြုံတွေ့ခဲ့ရမှုကိုလည်း သင်ခန်းစာယူပြီး သတိထားလုပ်ဆောင်ရမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုအပြင် တရုတ်နိုင်ငံမှ ဝယ်လိုအားကြောင့် မိုးရာသီမှာ ဆန်စပါးရှားပါးမှုကြုံတွေ့မှာကို စိုးရိမ်နေရပြီး နှစ်စဉ်နှစ်တိုင်းလည်း ဩဂုတ်လနှင့်စက်တင်ဘာလ ရောက်ရင် ဆန်ဈေးတက်နေကြဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေမှာ စားသုံးသူပြည်သူများအတွက် ရှိတဲ့ အရန်ဆန်ထုတ်ရောင်းပြီး ကျားကန်ပေးဖို့လိုပါတယ်။ တရုတ်နှင့်ပြည်ပဖောက်သည် ၆၄ နိုင်ငံ တို့ရဲ့ မြန်မာ့ဆန်ဝယ်ယူမှုလျော့ကျနေခြင်းများနဲ့ နွေစပါးပေါ်တဲ့ရာသီကာလများမှာ အရန်ဆန်ဝယ်ယူ စုဆောင်းဖို့ အကောင်းဆုံးအခြေအနေဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အရန်ဆန်မည်မျှရှိသည်ကို ပြည်သူ များ စိုးရိမ်ပူပန်မှုမရှိစေရန်နှင့် ပွင့်လင်းမြင်သာစွာသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပေးသင့်ကြောင်း လည်း အကြံပြုလိုပါတယ်။ မကြာသေးခင်က မြန်မာ့ဆန် ၅၀ ရာခိုင်နှုန်း ဝယ်ယူမှုအများဆုံး ဖောက်သည်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အရန်ဆန်ရဲ့ ၆၀ ရာခိုင်နှုန်းကျော်ကို သိုလှောင်ထားနိုင်တဲ့အတွက် မြန်မာနိုင်ငံမှဆန်ဝယ်ယူမှုကို နှစ်လခန့်ရပ်ဆိုင်းထားရာမှ သံတမန်ရေး ညှိနှိုင်းမှုတွေအရ အကန့်အသတ်နှင့်ပြန်ဖွင့်ပေးခဲ့ကြောင်း သိရှိရပါတယ်။ မြန်မာ့ဆန်ဈေးနဲ့ အခြားသီးနှံဈေးနှုန်းများ အတက်အကျမတည်ငြိမ်မှုဟာ တရုတ်နိုင်ငံကုန်သွယ်မှုနဲ့ အဓိကဆက်စပ် ပတ်သက်နေတာကြောင့် နှစ်နိုင်ငံကြားကုန်သွယ်ရေး ကတိကဝတ်များနဲ့ သဘောတူညီချက်များကို ကြိုတင်ညှိနှိုင်းသတ်မှတ်ထားရှိပြီး အကျိုးတူပူးပေါင်းဆောင်ရွက်သွားဖို့နဲ့ အခြားပြည်ပဖောက်သည် များ တိုးတက်ရရှိအောင် ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်ထားနိုင်ဖို့အတွက်လည်း အကြံပြုတိုက်တွန်း လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မိမိတို့တိုင်းပြည်အတွင်းမှာ အရန်မျိုး၊ ရိက္ခာများ သိုလှောင်ထားရှိခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်များ ကြောင့် အရေးပေါ် မျိုး၊ ရိက္ခာလိုအပ်ချက်များအား စနစ်တကျ ကြိုတင်ကာကွယ်ပြင်ဆင်နိုင်တဲ့အပြင် အခြားနိုင်ငံအချို့နဲ့ ပြည်ပအဖွဲ့အစည်းအချို့တို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး လူမှုရေးစွက်ဖက်မှုနဲ့ အကျိုးသက်ရောက်မှုတွေအပေါ် တည်ငြိမ်စွာနဲ့ စီမံခန့်ခွဲသွားနိုင်မှာဖြစ်လို့ တောင်သူလယ်သမား များနဲ့ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားသော အကျိုးတရားများဖြစ်ထွန်းလာစေပြီး အမိနိုင်ငံတော်ရဲ့ Image ကိုပါ ပိုမိုထွန်းတောက်လာစေမှာဖြစ်ပါတယ်။ အရန်မျိုး၊ ရိက္ခာရှိခြင်းဟာ ပြည့်စုံကြွယ်ဝမှု

မူကြမ်း

ဂုဏ်ဒြပ်ဖြစ်သလို အရန်ရှိခြင်း၊ ထုရှိခြင်းဟာလည်း အောင်မြင်ခြင်းရဲ့အကြောင်း တစ်ရပ်ဖြစ်တာကြောင့် ဦးစိန်ဝင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းမင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးမင်းမင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းမင်း ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်ထောက်ပံ့မှုဆိုတာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ နေ့စဉ်လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရတဲ့ လုပ်ဆောင်ချက်အားလုံးကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်က နိုင်ငံသားတွေအတွက် စွမ်းအင်၊ ပစ္စည်း၊ ငွေကြေး၊ လိုအပ်သည့်ပစ္စည်းများ၊ နည်းပညာများ၊ ဆေးဝါးကုသမှုများနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရတဲ့ အထူးလုပ်ဆောင်ချက်များလို့ အဓိပ္ပာယ်ရပါတယ်။ အုပ်ချုပ်ထောက်ပံ့မှုနဲ့ပတ်သက်ပြီး တင်ပြပါအချက်(၅)ချက်ထဲက ကြိုတင်မျှော်တွေးခြင်းဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကို တင်သွင်းတယ်လို့ ယုံကြည်မိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာ မိမိတို့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့အတွက် လူမှုဝါဒနှင့်ဆီလျော်ဆက်စပ်သော ဝါဒတစ်ရပ်ကို ချမှတ်လေ့ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးသားအကျိုးစီးပွားနှင့်စပ်လျဉ်းပြီး ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရင်း နိုင်ငံတော်၏အရင်းအမြစ်များ ဖွံ့ဖြိုးစေရေးဆိုတဲ့ အချက်တစ်ချက်ပါရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံနေရသေးတဲ့နိုင်ငံဖြစ်တဲ့အလျောက် စိုက်ပျိုးရေးကဏ္ဍအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေခြင်းဟာ ပြင်းထန်မြန်ဆန်လာသည်နှင့်အမျှ ကြုံတွေ့ကြရသော သဘာဝဘေးအန္တရာယ်များနှင့်အတူ ပူးတွဲဖြစ်ပေါ်လေ့ရှိတဲ့ ပိုးမွှားရောဂါများ ပြင်းထန်စွာကျရောက်လာခြင်း၊ မြေဆီလွှာပျက်သုဉ်းခြင်းနှင့် ဆားပေါက်ခြင်း အစရှိတဲ့စိန်ခေါ်မှုများစွာကို ကျော်လွှားအောင်မြင်ဖို့ လိုအပ်ပါတယ်။ ယနေ့ ကမ္ဘာကြီး

ပူနွေးလာသည့်အခြေအနေကို ပညာရှင်တို့က လေ့လာတင်ပြရာမှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အပူချိန်ဟာ စက်မှုမထွန်းကားမီကာလမှာရှိသောအပူချိန်ထက် ၀.၈၆ ဒီဂရီဆဲလ်စီယပ်မြင့်တက်လာကြောင်း သိရှိရပါတယ်။ ကမ္ဘာတစ်ဝန်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကြောင့် ရာသီဥတုဖောက်ပြန်ကာ သဘာဝဘေးအန္တရာယ်တွေ ပိုမိုခံစားလာခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးမှုနှေးကွေးသောနိုင်ငံဟူ၍ ခွဲခြားမှုမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်အကြောင်း လေ့လာချက်များအား ဦးစွာတင်ပြလိုပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများကို အဆင့်သတ်မှတ်ရာမှာ မြန်မာနိုင်ငံဟာ အဆင့်(၄၂)တွင်ရှိနေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်မှာ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှု အားအနည်းဆုံးနိုင်ငံများအနက် မြန်မာနိုင်ငံဟာ ၈၈.၀၆ ရာခိုင်နှုန်းဖြင့် အဆင့်(၁၃) နေရာတွင်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအားနည်းမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့ရသလို အုပ်ချုပ်ထောက်ပံ့မှုအရဆောင်ရွက်ရာ၌ နှောင့်နှေးကြန့်ကြာရခြင်းကြောင့် ပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားရှိပါတယ်။ ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စာရင်းဇယားများကို အခြေခံရေးသားထားသည့် Germanwatch ၊ Global Climate Risk Index(CRI)ရဲ့အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ရာသီဥတုဖောက်ပြန်မှုအဆိုးဆုံး ကြုံတွေ့ရနိုင်သည့်နိုင်ငံပေါင်း ၁၀ နိုင်ငံမှာ တတိယအဆင့်တွင်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရာသီဥတုဖောက်ပြန်မှုအဆိုးဆုံးကြုံတွေ့ခဲ့ရသော နိုင်ငံများရဲ့ ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတဲ့ အရေအတွက်များထဲမှာ မြန်မာနိုင်ငံဟာ ၄၁ ကြိမ်ဖြင့် အဆင့်(၁၀)မှာရှိနေကြောင်း တွေ့ရှိရပါတယ်။ အာဆီယံနိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုကိုကြည့်လျှင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုမရှိခြင်းခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံဟာ ရာခိုင်နှုန်းအများဆုံး ဖြစ်နေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ ကျွန်တော်တို့နိုင်ငံဟာ လိုအပ်ချက်များ များစွာရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားသလို ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်ပျက်စီးလွယ်ပြီး တည်ငြိမ်မှုပြန်လည်ရရှိဖို့ ခက်ခဲပါတယ်။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရန်ဆန်နှင့် အရန်ရိက္ခာများ၊ အရန်သီးနှံမျိုးစေ့များကို ကြိုတင်စီမံထားရှိဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ ယနေ့ကမ္ဘာ့ဆန်အရောင်းအဝယ်မှာ

၂၀၁၆ ခုနှစ်က တန်ချိန် ၄၀.၆ သန်း၊ ၂၀၁၇ ခုနှစ်မှာ ၄၁.၃ သန်းနှင့် ၂၀၁၈ ခုနှစ်မှာ ၄၂.၃ သန်းအထိ ဖြစ်လာခြင်းဟာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဆန်လိုအပ်ချက်ပမာဏ ပိုမိုများပြားလာခြင်းဆိုတာ သိသာ ထင်ရှားပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ အရန်ဆန်ထားရှိရသည့်အစီအစဉ်ကို အလေးအနက်ထား အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)မှာလည်း နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အရန်ဆန်ထားရှိခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်သောဒေသများသို့ လျင်မြန်စွာ ထောက်ပံ့ပို့ဆောင် ပေးနိုင်ပြီး စားနပ်ရိက္ခာပြတ်လပ်မှုကို ထိန်းချုပ်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အရန်ရိက္ခာထားရှိခြင်း အားဖြင့်လည်း နိုင်ငံ့စားနပ်ရိက္ခာ မြင့်မားလာစေပြီး ပြည်သူလူထုမှာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှု ပိုမို ရရှိစေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့နိုင်ငံဟာ သဘာဝဘေးအန္တရာယ်ကျရောက် နိုင်မှုအများဆုံးနိုင်ငံထဲက တစ်နိုင်ငံဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု နှစ်စဉ်ခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံ လည်းဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်သောပြင်ဆင်မှုများ ကြိုတင်မျှော်တွေး စုဖွဲ့ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များဟာ တောင်သူလယ်သမားများအတွက် အမှန် တကယ်အကျိုးစီးပွားမြှင့်တင်ရာရောက်တာမို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ တင်ပြလိုပါ တယ်။ ဒါ့အပြင် ယနေ့ ဆန်စပါးကဏ္ဍ ထုတ်လုပ်မှုကျဆင်းနေခြင်းကို ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်အနေဖြင့် အရန်ဆန်၊ အရန်စပါး၊ အရန်မျိုးရိက္ခာများ ကြိုတင်စီမံထားရှိမှုကို ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန် လိုအပ်ပါတယ်။ သို့မှသာ Logistic ဆိုတဲ့ အုပ်ချုပ်ထောက်ပံ့မှု ဟာ ပြည်သူတွေအပေါ်မှာ တိုက်ရိုက်အကျိုးသက်ရောက်မှာဖြစ်ပြီး ပြည်သူလူထုအနေနဲ့ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု၊ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ခံစားနိုင်မည်ဖြစ်ပါကြောင်း ဒီအဆိုကို အကြံပြုထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

မူကြမ်း

## ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုနှင့် စပ်လျဉ်းပြီး အဆိုပါလုပ်ငန်းအစီအမံများနှင့် ဆက်စပ်အကျုံးဝင်နေကြတဲ့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့ရဲ့ ရှင်းလင်းဆွေးနွေးသုံးသပ်မှုများနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ရှင်းလင်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ရာသီဥတုပြောင်းလဲမှု ကြောင့်ဖြစ်ပေါ်နေတဲ့အကျိုးဆက်တွေကို ရင်ဆိုင်ကြုံတွေ့နေတဲ့နေရာမှာ မြန်မာနိုင်ငံဟာလည်းပဲ ဒီအကျိုးဆက်တွေရဲ့ရိုက်ခတ်မှုကို တွေ့ကြုံခံစားနေရဆဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ အဲဒီအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ တွေ့ကြုံကြရတဲ့ အခက်အခဲတွေအပေါ် စာနာစိတ်နှင့်လည်းကောင်း၊ နိုင်ငံတော်အနေနှင့် ကြုံတွေ့ လာရမယ့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း ဒီအဆိုကို တင်သွင်းထား ကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံမှာ အချိန်ကာလအလျောက်ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝ အန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်တွက်ဆမှုတွေနှင့်အတူ ကာကွယ်စောင့်ရှောက်ရေးအစီအမံတွေကို စနစ်တကျဆောင်ရွက်ထားနိုင်ဖို့အတွက်လည်းကောင်း၊ သဘာဝဘေးကျရောက်လာတဲ့အခြေအနေမှာ ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းတွေကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာဆောင်ရွက်နိုင်ဖို့ အတွက်လည်းကောင်း၊ နိုင်ငံတော်ဒုတိယသမ္မတ(၂) ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်တဲ့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေနဲ့ ချမှတ်ထားတဲ့

မူဝါဒ၊ လမ်းညွှန်ချက်တွေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေးအစီအမံများနှင့် ကြုံတွေ့လာရင် ဖြေရှင်းရမည့်အစီအမံတွေကိုလည်းပဲ သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအပိုင်းအနေနဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲ လာမှုကြောင့် ဖြစ်ပေါ်ခဲ့တဲ့အတွေ့အကြုံ၊ ဖြစ်လာနိုင်တဲ့အခြေအနေအရပ်ရပ်၊ သီးနှံပုံစံ(Cropping Pattern)တွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့၊ မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ရာသီဥတုနှင့်လိုက်လျော ညီထွေမှုရှိတဲ့ စိုက်ပျိုးရေးနည်းစနစ်များ ကျင့်သုံးနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို အချိန်အခါ နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး Power Point အသုံးပြုခွင့်တင်ပြအပ်ပါတယ်။ ဒါကတော့ ပြောင်းလဲလာတဲ့ရာသီဥတုနှင့်အညီ လယ်မြေ ဆည်ရေသောက်ဧရိယာမှာ စိုက်ပျိုးသင့်တဲ့ သီးနှံပုံစံကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ မိုးကောင်းသောက်လယ်ဧရိယာမှာ စိုက်ပျိုးထားတဲ့ သီးနှံပုံစံ ဖြစ်ပါတယ်။ ဒီ Slide တွေကတော့ သီးနှံ စိုက်ပျိုးစနစ်နဲ့ပတ်သက်လို့ တောင်သူတွေ အသိပညာပေးဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးများမှု၊ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ရေကြီး နစ်မြုပ်မှုသဘာဝဘေးအန္တရာယ်တွေ လျော့ပါးသက်သာစေရေးလုပ်ငန်းများဖြစ်တဲ့ ရေဘေးကာကွယ် တာ၊ ရေငန်တားတာများပြုပြင်တည်ဆောက်ခြင်း၊ ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်း တူးဖော်ခြင်း၊ ရေထိန်းတံခါးပြုပြင်ရေးလုပ်ငန်းတွေကို စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရေဘေး ကာကွယ်ရေးတာများပြုပြင်ဆောင်ရွက်ခဲ့တဲ့ အခြေအနေများကို Power Point နှင့်ရှင်းလင်း တင်ပြပါမယ်။ တင်ပြပါပုံများမှာ ချောင်းကော၊ မြောင်းကော၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခဲ့မှု အခြေအနေများဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ပန်းတနော်နှင့် ကျုံပျော်မြို့နယ် တို့မှာရှိတဲ့ အလျား ၄ မိုင်ခန့်ရှိတဲ့ မင်းတစု-ပျဉ်းမတောရေနုတ်မြောင်းတူးဖော်ပေးမှု၊ ဇလွန်၊ ဟင်္သာတ၊ ဓနုဖြူ၊ ပန်းတနော်နှင့် ကျုံပျော်မြို့နယ်များမှာရှိတဲ့ ရေကြီးကွင်း၊ ရေနစ်ကွင်း ဧက ၃၀၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေမှာဖြစ်တဲ့အပြင် နွေစပါးဧက ၄၅၀၀ ခန့်စိုက်ပျိုးရေ ရယူနိုင် မှာဖြစ်ပြီး ဒေသအတွင်း ရေသွားလာရေးကို အဆင်ပြေအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အခြေအနေများလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုကြောင့် ဖြစ်ပေါ်လာမည့် သီးနှံထိခိုက်ပျက်စီးမှု ဧရိယာတွေမှာ ယခင်ကာလက အတွေ့အကြုံတွေအရတွက်ချက်ပြီး ပျက်စီးဆုံးရှုံးတဲ့သီးနှံတွေကို အချိန်မီအစားထိုးစိုက်ပျိုးနိုင်ဖို့အတွက် အရန်မျိုးစုဆောင်းမှုကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံချက်တွေရေးဆွဲပြီးတော့ ကြိုတင်အစီအမံများနှင့် အကောင်အထည်ဖော်ထားရှိပြီးလည်းဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များမှာ အရန်မျိုးစပါးများ သိုလှောင်ထားရှိတဲ့မှတ်တမ်းများကို တင်ပြပါ့မယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာတဲ့အချိန်မှာ ဆန်စပါးဈေးကွက်တည်ငြိမ်နိုင်ရေးအတွက် အရန်စပါးသိုလှောင်ထားရှိရေးဆိုတဲ့ အချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြပါ့မယ်။ မြန်မာနိုင်ငံမှာ မိုးစပါး၊ နွေစပါး စုစုပေါင်းစပါးစိုက်ဧရိယာ ၁၈ သန်းဝန်းကျင်ရှိပါတယ်။ စပါးအထွက်ဟာ နှစ်စဉ်အထွက် တင်းသန်း ၁၃၅၀ ဝန်းကျင်ရှိပါတယ်။ နှစ်စဉ်စပါးစိုက်ပျိုးထုတ်လုပ်မှုဟာ ပြည်တွင်းစားသုံးမှု၊ ဖူလုံမှုနှင့်အပြင် ပိုလျှံမှုအတွက် ပြည်ပတင်ပို့လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းစီးဆင်းမှု၊ ပြည်ပတင်ပို့မှု၊ ဈေးနှုန်းအခြေအနေ၊ ဈေးကွက်ဖြစ်ပေါ်မှု၊ တောင်သူတွေရဲ့ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေတွေကို လေ့လာစိစစ်သုံးသပ်ပြီးတော့ ဆန်းစပါဈေးနှုန်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များကိုလည်းပဲ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ စပါးစိုက်တောင်သူများ ဝင်ငွေနှင့် အကျိုးစီးပွားအာမခံချက်ရရှိစေဖို့အတွက် ၂၀၁၈ ခုနှစ် နွေစပါးရာသီကစပြီး စိုက်ပျိုးထုတ်လုပ်တဲ့စပါးသီနှံကနေပြီးတော့ အခြေခံစပါး ရည်ညွှန်းဈေးနှုန်းကို စပါးတင်း ၁၀၀ ကို ငါးသိန်းသတ်မှတ်ပြီး ထုတ်ပြန်ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အရန်ဆန်ထားရှိရခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဆန်စပါးဈေးကွက်တည်ငြိမ်ပြီး စားသုံးသူပြည်သူများ ဖိစီးမှုမဖြစ်စေရေး၊ ဈေးနှုန်းကျဆင်းမယ်ဆိုရင်လည်းပဲ တောင်သူတွေစိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးနှင့် သဘာဝဘေးကြုံတွေ့မယ်ဆိုရင်လည်းပဲ အဓိကစားနပ်ရိက္ခာဖြစ်တဲ့ ဆန်ကိုထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ အာဆီယံ + ၃နိုင်ငံတို့ ပါဝင်လက်မှတ် ရေးထိုးထားတဲ့ ဒေသတွင်းအရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြအပ် ပါတယ်။ ဒီအစီအစဉ်ဟာ ဒေသအတွင်းမှာ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေဖြစ်ပေါ်မယ်ဆိုရင် ထောက်ပံ့ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး အာဆီယံပဋိညာဉ်တစ်ရပ် အနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အစီအမံဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံနှင့် အာဆီယံ + ၃ နိုင်ငံ

ဝန်ကြီးတွေရဲ့ (၁၁)ကြိမ်မြောက်အစည်းအဝေးမှာ လက်မှတ်ရေးထိုးခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အရ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကိုရီးယားသမ္မတနိုင်ငံကနေ ဆန်တန်ချိန် ၅၀၀ နှင့်ဂျပန်နိုင်ငံက ဆန်တန်ချိန် ၅၀၀ ကို မြန်မာနိုင်ငံကို ပေးပို့လှူဒါန်းခဲ့တာဖြစ်ပါတဘ်။ အဲဒီဆန်တွေကို ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ ကြုံတွေ့ခဲ့ရတဲ့ ဘေးဒုက္ခသင့်ပြည်သူတွေ၊ ရေဘေးသင့်ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ APTERR အစီအစဉ်အရ အရန်ဆန်များ သိုလှောင်ထားရှိမှုနှင့် ထောက်ပံ့ပေးမှုမှတ်တမ်းများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုအပေါ် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးမှုများကိုလည်းပဲ ဆောင်ရွက်မှုရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သီးနှံပျက်စီးဧက ၄၄၀၀၀၀ အတွက် ကျပ်သန်း ၄၆၀၀ ကျော်၊ ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သီးနှံပျက်စီးဧက ၃၂၀၀၀၀ ကျော်အတွက် ကျပ်သန်း ၄၃၀၀ ကျော် ထောက်ပံ့မှုရှိခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၈ ခုနှစ် မိုးရာသီကာလ သဘာဝဘေးကြောင့်ပျက်စီးခဲ့တဲ့သီးနှံဧက ၆၈၀၀၀၀ ကျော်အတွက်ကိုလည်းပဲ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ပေးအပ်မှုမှတ်တမ်းများ တင်ပြအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူတွေအတွက် လတ်တလောစားဝတ်နေရေးအဆင်ပြေစေဖို့ အထောက်အပံ့ပေးနိုင်ရေးအစီအစဉ်တွေကို စနစ်တကျရေးဆွဲပြီးတော့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ဘေးသင့်ပြည်သူတွေကို အချိန်မီထောက်ပံ့ပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ဗဟိုသိုလှောင်ရုံများရှိတဲ့ ရန်ကုန်၊ မန္တလေးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် သိုလှောင်ရုံများအလိုက် အရန်သင့်သိုလှောင်ထားဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးတိုက်တွန်းတဲ့ အဆိုပါလုပ်ငန်းစဉ်တွေဟာ နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအရ ချမှတ်ထားတဲ့ မူဝါဒလမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းအစီအမံတွေ၊ သဘာဝဘေးကျရောက်လာတဲ့အခြေအနေတွေမှာ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းတွေကို လျင်မြန်သွက်လက်စွာနဲ့ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး

အစီအမံတွေအရ ပါဝင်အကောင်အထည်ဖော်စေတဲ့ လုပ်ငန်းတွေလည်း ဖြစ်နေတဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ အခုလို ကျွန်တော်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပေးတဲ့ တပ်မတော်သားကိုယ်စားလှယ်ကို အထူးကျေးဇူးတင်ပါတယ်။ ဝန်ကြီးကိုလည်း အခုလိုရှင်းပြပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့သဘောထားပြောရရင်တော့ ရာသီဥတုဖောက်ပြန်သော ဒဏ်ဖြေရှင်းရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် ပြည်သူ့ လွှတ်တော်မှ အစိုးရသို့တိုက်တွန်းတဲ့အဆိုဟာ (၁) ရာသီဥတုဖောက်ပြန်မှုအဆင့်(၂)ရှိသော မြန်မာ နိုင်ငံ၊ (၂) လူပဋိပက္ခ(Man made Crisis)ရှိသော မြန်မာနိုင်ငံ၊ (၃) မသေချာ၊ မရေရာ၊ နည်းစနစ် အားနည်းသော စိုက်ပျိုးရေးကို အခြေခံထားသော မြန်မာနိုင်ငံ၊ (၄) အခြေခံလူမွဲလူတန်းစားများပြား သော မြန်မာနိုင်ငံ။ ဒီအချက်(၄)ချက်ကြောင့် ပြည်သူများအငတ်ဘေး မကြုံစေရန်အတွက် အရန် သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိစေရန် ကြိုတင်စီမံဆောင်ရွက်ဖို့ အထူး လိုအပ်နေသဖြင့် အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က လည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင် ရဲ့သဘောကွဲလွဲတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘော ထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ်မူတည်၍ မဲခွဲဆုံးဖြတ်သွားပါမယ်။ ထောက်ခံဆန္ဒမဲများရင် အဆိုရှင်ရဲ့ အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများရင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင် ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၁၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၀၁ မဲနှင့် ကြားနေဆန္ဒမဲ ၃ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၂၂.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw | U Win Win




U Hla Kyaw | Daw Ni Ni May Myint




U Hla Kyaw | U Kyaw Aung Lwin




U Hla Kyaw | Daw Ni Ni Dun




U Kyaw Myo | Daw Khin Than Nu




U Kyaw Myo | U Myint Ngwe

pyithu.hluttaw.mm


U Kyaw Myo


U Aung Sein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်